ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (27-1-2005) (၄၄၉၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မကြာမီ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ပူးတွဲ၍ သင်ကြားရေးဆေးရုံသစ်ကြီး ပေါ်ပေါက်လာမည် သွားဘက်ဆိုင်ရာဆေးပညာရှင်များ၏ စဉ်ဆက်မပြတ် ပညာရည်ပြန့်ပွားရေး အလေးပေးဆောင်ရွက်နေ ပြည်ပ ပညာရှင်များနှင့်ပူးတွဲပြီး ပညာရပ်ဆိုင်ရာတိုးတက်ရေးအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခဲ့

ရန်ကုန် ဇန်နဝါရီ ၂၆

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့၏ ဆဋ္ဌမအကြိမ် ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်း။

(ခေါင်းကြီး) စာမျက်နှာ-၂

သွေးတိုးရောဂါရှိလျှင် လိုအပ်သော ဆေးဝါးများဖြင့် ကုသမှုခံယူရန် လိုအပ်သကဲ့သို့ပင် မိမိကိုယ်တိုင်ကလည်း ကျန်းမာရေးနှင့် လိုက်လျောညီထွေစွာ နေထိုင်စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

(ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မေစန်း၏ဆောင်းပါး)

စာမျက်နှာ-၆

ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဘမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ဝေးလံခေါင်းပါးသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းဒေသများရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးကိစ္စများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်နယ်နှင့်တိုင်းအသီးသီး၌ရှိသည့် ဆေးရုံများတွင် ခေတ်မီပစ္စည်းကိရိယာများတပ်ဆင်ပေးခြင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ဆရာဝန်များ၊ သူနာပြုများနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များကိုပါ တိုးချဲ့ခန့်ထားခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် သွားဘက်ဆိုင်ရာဆရာဝန် ၁၅၀၀ခန့်သာ ရှိသည့်အတွက် နိုင်ငံတော်၏ လူဦးရေနှင့်နှိုင်းစာလျှင် ပြည်သူလူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လက်ရှိသွားဘက်ဆိုင်ရာ ဆရာဝန်ဦးရေနှင့် အပြည့်အဝတာဝန်ယူနိုင်ရန် လိုအပ်နေသေးကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၇-၁-၂၀၀၅
(ကြာသပတေးနေ့)

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်း

မြန်မာနိုင်ငံသည် ရေချို၊ ရေငန် ငါး၊ ပုစွန်သယံဇာတ နှစ်ရပ်စလုံး ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ရေချိုပိုင်း သယံဇာတများအနေဖြင့် ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်နှင့်ချင်းတွင်းမြစ် စသည့် မြစ်ကြီးများနှင့် ယင်းတို့၏ မြစ်လက်တက်များတွင် ရေပြင်ဧရိယာ များစွာရှိသည်။

ထို့အပြင် နှစ်စဉ်ခြောက်လမှ ရှစ်လခန့် ရေဖုံးလွှမ်းသည့် ဧရိယာ များနှင့် ဆည်၊ တာတမံ ရေလှောင်ကန်ကြီးများ၏ ဧရိယာများစွာတို့ရှိရာ ရေချိုငါး၊ ပုစွန်များ ပေါက်ပွားကြီးပြင်းနိုင်သည့် သဘာဝအခြေအနေ ကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **သားငါး မျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူးရန်၊ ပုစွန် မွေးမြူရေးလုပ်ငန်း တိုးတက်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်၊ ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများ ဇောက်ချ ဆောင်ရွက်ရန်** လမ်းညွှန်ထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဦးစီးဌာနများ၊ လုပ်ငန်းဌာနများနှင့် အဖွဲ့ အစည်းများ ဖွဲ့စည်း၍ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အသားကဏ္ဍတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးကဏ္ဍ တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် စသည့်အမျိုးသားစွမ်းအားစုများကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားနှင့် ဆဌမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီလ ၂၄ ရက်နေ့က ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင် လမ်းမကြီးရှိ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်း ခဲ့ပြီး အဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုအောက်တွင် ပြည်နယ်နှင့်တိုင်း ငါးလုပ်ငန်း အဖွဲ့ချုပ်ရှစ်ခု၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် ၂၆ ခု၊ မြို့နယ်အသင်း ၁၃ သင်းတို့ကို ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့ကို ဖွဲ့စည်းထားရှိပြီး အခြေခံအသင်းအဖွဲ့ ရှစ်သင်းအပါအဝင် အသင်းပေါင်း ၅၈ သင်းဖွဲ့စည်း၍ လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက် ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်မွေးမြူရေးအတွက် သဘာဝအခြေခံ ကောင်းများ ကြွယ်ဝလျက်ရှိသည်နှင့်အညီ မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ငါးမွေးမြူခြင်းလုပ်ငန်းတွင် ပါဝင်သည့် ငါးသားပေါက် ထုတ်လုပ်ရေးလုပ်ငန်းသည် ငါးမွေးမြူရေးလုပ်ငန်းကို တိုက်ရိုက်အထောက်အကူပြုသည့် လုပ်ငန်းဖြစ်သည်။ ထို့အပြင် သဘာဝရေပြင်များ၊ အင်းများမှ ငါးပိုမိုထွက်ရှိရေးအတွက် ဆောင်ရွက် လျက်ရှိသည့် ငါးမျိုးစိုက်ထည့်ခြင်းသည်လည်း အရေးပါသော လုပ်ငန်း တစ်ခုဖြစ်သည်။

ငါးမွေးမြူထုတ်လုပ်ရေးဆိုင်ရာ တာဝန်ရှိသူတို့က ဒေသရှိမြစ်ချောင်း များအတွင်း ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် ရှင်သန်ကြီးထွား နိုင်မည့် ငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ထုတ်လုပ်ရေး၊ ငါးမျိုး စိုက်ထည့်သည့်လုပ်ငန်းများကို ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် နိုင်ရေး မျက်ခြည်မပြတ် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငါးသားပေါက်ထုတ်လုပ်ရေး၊ ငါးစာအတောင့် ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေခဲစက်လုပ်ငန်းများ၊ ငါးဖမ်းဆီးရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး နှင့် ရောင်းဝယ်ရေး လုပ်ငန်းများလည်း ဆက်စပ်တိုးတက်လာသည် ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာ မည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအားလုံးက နိုင်ငံတော်၏ ရေချိုရေငန် ငါး၊ ပုစွန် သယံဇာတကြွယ်ဝမှုများကို ရယူ သုံးစွဲ၍ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်း ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီ လက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင် ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ထိထိရောက်ရောက် စစ်ဆေးဆောင်ရွက် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှု ရှိမရှိကို တိတိကျကျဖော်ထုတ်

ရန်ကုန် ဇန်နဝါရီ ၂၆

စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့်တိုင်း စာရင်းစစ်အရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်က အမှာစကားပြောကြား ရာတွင် အစိုးရစာရင်းစစ်များ အနေဖြင့် စစ်ဆေးရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ထိထိရောက်ရောက် စစ်ဆေးဆောင်ရွက်ရေး၊ စာရင်း စစ်ဆေးရေးအပိုင်းသာမက လုပ်ငန်း စစ်ဆေးခြင်းကိုပါ အလေးပေးစစ်ဆေး ဆောင်ရွက်ရေး၊ လုပ်ငန်းဌာနအဖွဲ့ အစည်းများက ဥပဒေစည်းမျဉ်း ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း ရှိ၊မရှိ၊ နိုင်ငံတော် အတွက် နစ်နာဆုံးရှုံးမှုများ ရှိ၊မရှိတို့ကို တိတိကျကျ စစ်ဆေးဖော်ထုတ် အစီ ရင်ခံနိုင်ရေးတို့ကို ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ စာရင်းစစ်အရာရှိများက စစ်ဆေးခံ အဖွဲ့အစည်းများအခြေအနေ နှင့် စစ်ဆေးဆောင်ရွက်မှု အခြေအနေ၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက အရေး ယူဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မိမိတို့၏ ဝန်ထမ်းအင်အားနှင့် ဝန်ထမ်း အိမ်ရာအတွက် မြေရရှိမှုအခြေအနေ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ်အရေးယူဆောင်ရွက်ပြီးစီးမှုအခြေ အနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက် များအပေါ် စာရင်းစစ်ချုပ်၊ ဒုတိယ စာရင်းစစ်ချုပ်၊ ခေတ္တ ညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးကြပြီး စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားကာ ညနေပိုင်း တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်ရုံး ပြည်နယ်နှင့် တိုင်း စာရင်းစစ်အရာရှိများ၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် အမှာ စကား ပြောကြားစဉ်။

(သတင်းစဉ်)

✪ **ရှေ့ဖုံးမှ**

သို့သော်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို စီမံချက်များ ချမှတ်ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အတွက် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေကို ယခင်ကထက် နှစ်ဆကျော် တိုးတက်လက်ခံသင်ကြားပေးလျက်ရှိကြောင်း။

သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ဖြည့်တင်းခြင်းကိုလည်း နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေခွင့်ပြုချက် အတိုင်းအတာအရ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မကြာမီကာလအတွင်းတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့်ပူးတွဲ၍ သင်ကြားရေးဆေးရုံသစ်ကြီးတစ်ခု ပေါ်ပေါက်လာတော့မည်ဖြစ်သည့်အပြင် ယင်းသင်ကြားရေး ဆေးရုံသစ်တွင် သွားနှင့်မျက်နှာ၊ မေးရိုး၊ ခံတွင်း ခွဲစိတ်ကုသမှုများ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ ခွဲစိတ်ကုသမှုတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ဂုဏ်ယူဖွယ်ရာ တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်ထား

သွားဘက်ဆိုင်ရာ ဆေးပညာအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် သွားဘက်ဆိုင်ရာ မဟာသိပ္ပံဘွဲ့ (M.D.Sc) သင်တန်းများ၊ သွားဘက်ဆိုင်ရာ ဆေးပညာဒီပလိုမာ တစ်နှစ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

ရန်ကုန်ဆေးတက္ကသိုလ်(၁)ရှိ မျက်နှာ၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသမှု ပါရဂူ Ph.D ဘွဲ့သင်တန်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ရှိ Oral Medicine and Oral Pathology Ph.D နှင့် သွားတုဆေးပညာ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းသည်လည်း သွားဘက်ဆိုင်ရာ ဆေးပညာဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာဂုဏ်ယူဖွယ် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းမှာ ပြည်သူလူထု၏ သွားနှင့် ခံတွင်း ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ပဏာမ သွားနှင့် ခံတွင်း ကျန်းမာရေးလုပ်ငန်းစီမံချက် (Primary Oral Health Care Project)ကို ထည့်သွင်းရေးဆွဲခဲ့ပြီး ၁၉၉၁ခုနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် မြို့နယ်ပေါင်း ၈၇မြို့နယ်တွင် ဤစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ယင်းစီမံချက်အရ ကျေးလက်ကျန်းမာရေးဌာနမှ အခြေခံ ကျန်းမာရေးလုပ်သားများကို ကျေးလက်နေ ပြည်သူများ၏ ပဏာမသွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလေ့ကျင့်ပေးမှုများ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဝင်များဖြစ်သည့် နိုင်ငံ့ဝန်ထမ်းနှင့် ဝန်ထမ်းမဟုတ်သော သွားဘက်ဆိုင်ရာ ဆရာဝန်များကပါ ကွင်းဆင်းကုသပေးမှုများအပါအဝင် ပြည်သူများနှင့် သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာပြည်သူအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ငါးနှစ်စီမံကိန်းကို နိုင်ငံတော်တစ်ဝန်းလုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန် အသင်းဝင်များကလည်း မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍကနေ ပါဝင်ကူညီဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါသည် ယခုအခါ အာရှနိုင်ငံများ အပါအဝင်ကမ္ဘာတစ်ဝန်းလုံးတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် အထူးသတိပြုသင့်သောရောဂါပင်ဖြစ်ကြောင်း၊ အထူးသဖြင့် Prevention and Control of AIDS in Dentistry နှင့် ပတ်သက်၍ ပြည်နယ်၊ တိုင်း အသင်းခွဲများသို့ အခါအားလျော်စွာ လမ်းညွှန်မှုများထုတ်ပြန်ပြီး သွားနှင့်ခံတွင်း ရောဂါကုသမှုမှ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည် ဆိုသည်ကို သိရသည့်အတွက် သွားဘက်ဆိုင်ရာ ဆရာဝန်များအနေဖြင့် တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပညာရည်ပြန့်ပွားရေး

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းအနေဖြင့် ၂၀၀၄ ခုနှစ်အတွင်း သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ၏ စဉ်ဆက်မပြတ် ပညာရည်ပြန့်ပွားရေး (Continuing Education)ကို အလေးပေးဆောင်ရွက်လျက်ရှိရာ ဘာသာရပ်အလိုက် ဟောပြောပို့ချမှုများ၊ ပြည်ပမှပညာရှင်များနှင့်ပူးတွဲပြီး ယခုကဲ့သို့ ညီလာခံများ ကျင်းပမှုများကိုသာမက ပညာရပ်ဆိုင်ရာ တိုးတက်ရေးအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း၊ International College of Continuing Dental Education ၏ ပံ့ပိုးကူညီမှုဖြင့် Joint Scientific Meeting ကို ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ပြီး I.C.C.D.E မှ ပညာရှင်များကဘာသာရပ် ခုနစ်မျိုးနှင့် ပတ်သက်၍ ခေတ်မီနည်းစနစ်များကို ဟောပြောပို့ချသည်ဟု သိရကြောင်း။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ စီစဉ်ဆောင်ရွက်မှု၊ International College of Continuing Dental Education ၏ ပံ့ပိုးကူညီမှုဖြင့် စင်ကာပူနိုင်ငံမှ Dr. Myra Elliott (Oral Surgeon) ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ ပညာရှင်များပူးတွဲ၍ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသမှုနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲပူးတွဲခွဲစိတ်ကုသမှု (Major Oral Surgical and Cleft Lip and Palate Surgical Repair) ကို ၂၀၀၄ခုနှစ် ဇူလိုင်လတွင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရကြောင်း၊ နိဂုံးချုပ်အားဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းအနေဖြင့် သွားဘက်ဆိုင်ရာဆရာဝန်များအား ဦးဆောင်မှုပေးကာ ပြည်သူလူထု၏ သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြပါ။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးပညာအဆင့်အတန်းကို အိမ်နီးချင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ များနှင့်ရင်ပေါင်တန်းနိုင်စေရန်လည်းကောင်း၊ နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့ သွားဘက်ဆိုင်ရာဆေးပညာရပ်များကို မြန်မာ့သွားဘက်ဆိုင်ရာဆေးလောကမှ ပညာရှင်များလေ့လာခွင့်ရရှိစေရန်လည်းကောင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး သွားဘက်ဆိုင်ရာ ဆေးပညာရှင်များကို စုစည်းဦးဆောင်မှုပေးနိုင်သည့်အဖွဲ့အစည်းကြီးအဖြစ် အမြဲရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် (၂၅)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံ၌ ဖွင့်လှစ်ပြသထားသော သွားဘက်ဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အဘိဓမ္မာ မာတိကာ-ဓာတုကထာ သင်တန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ဗဟန်းမြို့နယ် မင်္ဂလာဇျူဟာ အသင်းချုပ် ဗုဒ္ဓဘာသာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်းတွင် အဘိဓမ္မာ မာတိကာ-ဓာတုကထာ သင်တန်းကို ဇန်နဝါရီ ၂၉ရက် (စနေနေ့)တွင် နံနက် ၈နာရီမှ ၁၀နာရီထိ ဆရာတော်ဦးပဏ္ဍိတ (မဟာ ဓမ္မာစရိယ M.A. Buddh) က သင်ကြားပို့ချမည်ဟု သိရသည်။

(၂၃)

အဆောက်အအုံဆောက်လုပ်ခွင့်နှင့် မြေယာကိစ္စများ မြန်ဆန်သွက်လက်စေရန် ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့်နှင့် မြေယာကိစ္စများနှင့် ပတ်သက်၍ မြန်ဆန်သွက်လက်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် သက်ဆိုင်ရာဌာနများမှ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် နေ့စဉ် မွန်းလွဲ ၂နာရီမှစ၍ မြို့တော်ခန်းမ ပထမထပ်တွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားတွေ့ဆုံ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

မြေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဂရန်သက်တမ်းတိုးခြင်း၊ မြေအမည်ပြောင်းခြင်း၊ ဂရန်မိတ္တူ လျှောက်ထားခြင်း၊ ၃(ခ)လျှောက်ထားခြင်း၊ မြေကွက်ခွဲအတည်ပြုလျှောက်ထားခြင်း၊ ဂရန်ခွဲလျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင်လျှောက်ထားခြင်း၊ မြေတိုင်းလျှောက်ထားခြင်းလုပ်ငန်းများအတွက် အထောက်အထား(၁၀)ချက် ပြည့်စုံရမည်ဖြစ်ပြီး အဆိုပါ အထောက်အထား(၁၀)ချက်ကို ဘဏ်လမ်းရှိ မြို့တော်ခန်းမ နောက်ကျောနံရံ၌ကြော်ငြာထားသည်။

ထိုနည်းတူ အဆောက်အအုံ ဆောက်လုပ်ရာတွင်လည်း လိုအပ်သည့်စာရွက်စာတမ်း အချက်အလက် ၁၁ချက် ပါရှိပြည့်စုံရမည်ဖြစ်ပြီး သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပြည့်စုံရမည်ဖြစ်ကာ အဆိုပါအချက် ၁၁ချက်ကိုလည်း ဘဏ်လမ်းရှိ မြို့တော်ခန်းမ နောက်ကျော နံရံ၌ကြော်ငြာထားသည်။

သတ်မှတ်ချက်နှင့် ပြည့်စုံသည့် မြေယာကိစ္စနှင့်ပတ်သက်သည့် အမည်ပြောင်း ရက်ပေါင်း ၃၀၊ မြေပုံကူးအမည်ပေါက်သူ လျှောက်ထားပါက ၁၄ရက်၊ မြေအမည်ပေါက်မဟုတ်ဘဲ ဆက်ခံခွင့်ရှိသူ လျှောက်ထားပါက ရက်ပေါင်း ၃၀ ကြာမြင့်မည်ဖြစ်သည်။

ထိုနည်းတူစွာ အဆောက်အအုံ ဆောက်လုပ်ရန် လိုအပ်ချက်၊ အချက်အလက်များပြည့်စုံပါက အမှုတွဲလက်ခံသည့်နေ့မှစ၍ ခုနစ်ရက်ပြည့်မြောက်သည့်နေ့တွင် ငွေသွင်းဆောင်ရွက်ခွင့်ရရှိပြီး အမှုတွဲလက်ခံသည့်နေ့မှ (၁၄)ရက် ပြည့်မြောက်သည့်နေ့တွင် ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ (၁၉)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်ရန် နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ခေတ်မီဘက်စုံတည်ဆောက်ရေး"** နှင့် **"ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု"** ဟူ၍ ခေါင်းစဉ်နှစ်မျိုးသတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို (၁၀လက်မ x ၁၂လက်မ)နှင့် အထက်အရွယ် Printပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာအချက်အလက်များ(Data)နှင့် ဓာတ်ပုံအကြောင်းအရာ(Caption)ကို သီးခြားစာရွက်ပေါ်တွင်ရေးသား၍ ပူးတွဲ ပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူ ခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သောဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ ရောင်စုံဓာတ်ပုံ ပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ရန်ကုန်မြို့၌ ၂၀၀၅ခုနှစ် မတ် ၂၇ရက်တွင်ကျင်းပမည့် နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနား၌ ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များ၌ကျင်းပသော နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဆီးရီးယားနိုင်ငံကို အမေရိကန်စွပ်စွဲမှု ရုရှားအစိုးရ ပြစ်တင်ဝေဖန်

မော်စကို ဇန်နဝါရီ ၂၄

ဆီးရီးယားနိုင်ငံသည် အကြမ်းဖက်မှုကို အားပေးနေသည်ဆိုသော အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်နှင့် ပတ်သက်၍ ရုရှားအစိုးရက ပြစ်တင်ဝေဖန်လိုက်သည်။ အမေရိကန်၏ ယင်းသို့သော စွပ်စွဲမှုမျိုးသည် အရှေ့အလယ်ပိုင်းဒေသ၏ လုံခြုံရေးကို ထိခိုက်စေနိုင်ကြောင်း ရုရှားအစိုးရက ပြောကြားလိုက်သည်။

စွပ်စွဲ

အမေရိကန်နိုင်ငံက အခြားသော နိုင်ငံများကို ကင်ပွန်းအမျိုးမျိုးတပ်ကာ စွပ်စွဲနေခြင်းသည်လည်းကောင်း၊ နိုင်ငံအချို့ကို ဝင်ရိုးတန်း မိစ္ဆာနိုင်ငံများအဖြစ် တစ်ဖက်သတ်အမည်ပေးနေခြင်းသည်လည်းကောင်း မည်သည့်နိုင်ငံ၏ လုံခြုံရေးအတွက် တိုးတက်မှု မဖြစ်ပေါ်စေနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အလက်ဇန္ဒြာယာကိုဗင်ကိုက ပြောကြားကြောင်း အင်တာဖက်စ်သတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

အရေးကြီး

ဆီးရီးယားနိုင်ငံသည် အရှေ့အလယ်ပိုင်း ဒေသတွင် အဓိက ပါဝင်လှုပ်ရှားနေသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ဆီးရီးယားပြဿနာနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံနှင့် ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရေးသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး၌ အရေးကြီးကြောင်း ယာကိုဗင်ကိုက ပြောကြားသည်။

သတိပေး

ဆီးရီးယားနိုင်ငံသည် အီရတ်အရေးအရာများ၌ ဝင်ရောက်စွက်ဖက်နေခြင်းကြောင့် ယင်းနိုင်ငံအပေါ် ပိတ်ဆို့မှုအသစ်များ ပြုလုပ်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ခံထားရသူ ကွန်ဒိုလီဇာရိုက်စ်က သတိပေးခဲ့သည်။

လာမည့်သီတင်းပတ်တွင် မြို့တော်မော်စကိုသို့ ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ် လာရောက်ရန် ရှိနေစဉ် ရုရှားပြောရေးဆိုခွင့်ရှိသူက အထက်ပါအတိုင်း ဝေဖန်လိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇန်နဝါရီ ၂၂ ရက်က အီရတ်နိုင်ငံ ဂျာဘယ်လာမြို့ကို စီးနင်းရှာဖွေမှုပြုလုပ်ပြီးနောက် စစ်ရဟတ်ယာဉ် ရှိရာသို့ ပြန်လာသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆေးရုံမီးလောင်၊ ၁၄ ဦး သေဆုံး

ရောမ ဇန်နဝါရီ ၂၄

အီတလီတပ်ဖွဲ့ဝင်များ ထိန်းချုပ်သည့်ဒေသရှိ အီရတ်ဆေးရုံတစ်ရုံ မီးလောင်ရာတွင် လူ ၁၄ ဦး သေဆုံးခဲ့ကြောင်း အီတလီသတင်းဌာန အန်ဆာက တနင်္ဂနွေနေ့တွင် သတင်းဖော်ပြသည်။

နာဆီရီယာမြို့တွင် မီးလောင်မှုဖြစ်ပွားရာ လူ ၇၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူများမှာ အီရတ်နိုင်ငံသားများနှင့် အီတလီနိုင်ငံသားမဟုတ်သူများဖြစ်ကြောင်း အန်ဆာက ဖော်ပြသည်။

ထောင်ချီရှိသည့် အီတလီတပ်ဖွဲ့ဝင်များ နာဆီရီယာမြို့တစ်ဝိုက် စခန်းချနေပြီး ဒဏ်ရာရသူများအား ဆေးရုံသို့ သယ်ယူရာတွင် အီတလီစစ်ဘက်မှ လူနာတင်ကားလေးစီးဝင်ရောက် ကူညီကြသည်ဟု ဆိုသည်။

မီးလောင်မှုအကြောင်းရင်းဇာစ်မြစ်ကို စုံစမ်းနေကြောင်း၊ သို့ရာတွင် ပြောက်ကျားများ၏ တိုက်ခိုက်မှုဟု သံသယဖြစ်စေရန် အကြောင်းမရှိသေးကြောင်း အန်ဆာက ဖော်ပြသည်။

ယင်းမီးလောင်မှုသည် ဆေးရုံရှိ လျှပ်စစ်စနစ်ကြောင့် လောင်ကျွမ်းခြင်းဖြစ်ကြောင်း သတင်းထောက်အချို့က ပြောကြားကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အနောက်တောင်ဘက်တွင် သောကြာနေ့က ကားဗုံးပေါက်ကွဲရာ ခြောက်ဦးထက်မနည်း သေဆုံးပြီး ၂၉ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရှီးယိုက်ဝတ်ပြုကျောင်း၏ ပြင်ပတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်တွင် ဝတ်ကျောင်းအနီး ယခုဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းသည် သီတင်းပတ်တစ်ပတ်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

တရုတ်နှင့်ထိုင်း ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေးစာချုပ်ချုပ်ဆို

ပေကျင်း ဇန်နဝါရီ ၂၄

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အကူအညီ အပြန်အလှန်ပေးရေး စာချုပ်စာတမ်းများကို သောကြာနေ့က လဲလှယ်ကြသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဂူဒါဝီနှင့် တရုတ်နိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး ဂျူလာပေါင်နွန်စရီချိတို့က သက်ဆိုင်ရာနိုင်ငံများ ကိုယ်စား စာချုပ်စာတမ်းများကို လဲလှယ်ကြသည်။

၎င်းစာချုပ်သည် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ အာဏာသက်ဝင်မည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ ယခု စာချုပ်အပါအဝင် စာချုပ်သုံးခုချုပ်ဆိုခဲ့ပြီး ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။

ပူးပေါင်း

အခြားစာချုပ်နှစ်ခုမှာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား တရားမနှင့်ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်များတွင် ဥပဒေရေးရာ အကူအညီပေးရေးစာချုပ်၊ ခုံဖွဲ့စီရင်ဆုံးဖြတ်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်နှင့် ပြစ်မှုကျူးလွန်ခဲ့ရာ နိုင်ငံသို့ တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်တို့ ဖြစ်သည်။

အခွင့်သာ

ပြစ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်နိုင်ငံဥပဒေရေးရာ အကူအညီပေးရေး သဘောတူညီမှု ရရှိလိုက်ခြင်းသည် ဥပဒေရေးရာ နယ်ပယ်တွင် နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု အခြေခံအုတ်မြစ်ကို ကျယ်ပြန့်လာစေမည်ဖြစ်သည်။ နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရာတွင်လည်းကောင်း၊ နှစ်နိုင်ငံအကျိုးတူ ကုန်သွယ်ရေးကိစ္စရပ်များကို အကာအကွယ်ပေးရာတွင်လည်းကောင်း အခွင့်သာလာဖွယ်ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာလှည့်ခရီးသည် ၇ ဒသမ ၅ သန်း အီဂျစ်သို့လာရောက်

ကိုင်ရို ဇန်နဝါရီ ၂၄

အီဂျစ်နိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ ၂၀၀၄ခုနှစ်တွင် ၇ ဒသမ ၅ သန်းရှိရာ ၂၀၀၃ ခုနှစ်ကထက် ၁၇ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုလာကြောင်း အီဂျစ်နိုင်ငံပိုင် အမ်အီးအင်အေသတင်းဌာနက ဖော်ပြသည်။

ရေပေါ်ဟိုတယ်နှင့်ကမ္ဘာလှည့်ခရီးသည်ရွာများ၏ အရေအတွက်မှာ ၂၀၀၄ ခုနှစ်တွင် ၁၄၀၈ ခုရှိပြီး တည်းခိုခန်းအရေအတွက်မှာ ၁၃၆၅၀၀ ရှိလာသည်ဟု သိရသည်။ ယခင်နှစ်က ကမ္ဘာလှည့်ခရီးသည်များတည်းခိုခဲ့သည့် ရက်ပေါင်းမှာ ၈၂ သန်းခန့်ရှိကြောင်း အီဂျစ်ခရီးသွားလုပ်ငန်းဌာနဥက္ကဋ္ဌ အာမက်ခါဒင်က ပြောကြားသည်။ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေမှာ ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံခန့်ရှိသည်ဟု အီဂျစ်ဗဟိုဘဏ်က ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမျိုးသားအစောင့်တပ်မှ တပ်ဖွဲ့ဝင်တစ်ဦး မိုဆူးလ်တွင် အသတ်ခံရ

ဒူဘိုင်း ဇန်နဝါရီ ၂၄

ဘန်ဆာအယ်လ်ဆွန်နာ အုပ်စုက အီရတ်နိုင်ငံမြောက်ပိုင်း ဒေသရှိ မိုဆူးလ်မြို့မှ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်တစ်ဦးကို ပြန်ပေးဆွဲခဲ့ပြီး သတ်ပစ်ခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အဆိုပါ ခုခံတိုက်ခိုက်ရေးအုပ်စု၏ နာမည်ပါရှိသည့်နဖူးစည်းစာတန်းရှေ့တွင် ထိုင်နေသူတစ်ဦးက ဗိုလ်မှူးကြီး ဘလီအဗ္ဗဒူလာအမည်ပါရှိသော စိစစ်ရေးကတ်ပြားအား ကိုင်ထားသည့်ပုံကို ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မျက်နှာဖုံးစွပ်ထားသည့် ခုခံရေးသမားတစ်ဦးက ထိုလူအား သေနတ်ဖြင့် ပစ်ခတ်ပုံကိုလည်း ဝက်ဘ်ဆိုက်က ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်မြောက်ဘက်တွင် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြောက်ဘက်တွင် သောကြာနေ့အရုဏ်မတက်မီက ပြုလုပ်သော စီးနင်းရှာဖွေမှုတစ်ရပ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ကျန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

စီးနင်းရှာဖွေ

ဘဂ္ဂဒက်မြောက်ဘက်ရှိ မြို့ငယ်တစ်မြို့ဖြစ်သော အယ်လ်ဒူလီယာမြို့တွင် စစ်ဆင်ရေးတစ်ရပ် ပြုလုပ်နေစဉ် အမှတ်(၁)ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း၊ ဗုံးပြုလုပ်သည့်နေရာအဖြစ် သင်္ကာမကင်းခံရသော အဆောက်အအုံတစ်လုံးကို စီးနင်းရှာဖွေရာတွင် သင်္ကာမကင်းဖွယ်ရာ လူ ၂၂ဦးကို ဖမ်းဆီးရမိကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံး

ယင်းစီးနင်းရှာဖွေမှုအတွင်း အီရတ်လူမျိုးတစ်ဦးမှာလည်း သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ ဒူလီယာမြို့သည် အမေရိကန်တပ်ဖွဲ့အား မကြာခဏ ခုခံတိုက်ခိုက်မှု ပြုလုပ်ရာ ဒေသတစ်ခုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇန်နဝါရီ ၂၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အာဆီယံနိုင်ငံများ လွတ်လပ်စွာ ကုန်သွယ်ရေးဒေသ ထူထောင်ရေး ဖြစ်နိုင်ခြေအလားအလာများ မကြာမီစတင်လေ့လာမည်

ပေကျင်း ဇန်နဝါရီ ၂၄

တရုတ်နိုင်ငံနှင့် သက်ဆိုင်ရာ နိုင်ငံများသည် အရှေ့အာရှဒေသ လွတ်လပ်စွာ ကုန်သွယ်ရေးဇရိယာ ထူထောင်နိုင်ရေး လုပ်ငန်းအတွက် ဖြစ်နိုင်ခြေစူးစမ်းလေ့လာရေး လုပ်ငန်းများကို မကြာမီကာလအတွင်း စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးအရာရှိများက ဇန်နဝါရီ ၂၃ရက်တွင် ပြောကြားခဲ့သည်။

ယင်းကိစ္စကို အကောင်အထည်ဖော်ရာတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ပါဝင်သည်။ အရှေ့အာရှဒေသ လွတ်လပ်စွာ ကုန်သွယ်ရေးဒေသ ထူထောင်ခြင်းနှင့် ပါဝင်သည့်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုမည် ဖြစ်ကြောင်း တရုတ်နိုင်ငံ လက်ထောက်ကုန်သွယ်ရေးဝန်ကြီး ရီဖိုဟန်က ပြောကြားသည်။

ထူထောင်

တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အဓိက သဘောတူညီမှုနှစ်ရပ်ကို အကောင်အထည်ဖော်ကာ တရုတ်-အာဆီယံ လွတ်လပ်စွာ ကုန်သွယ်ရေးဒေသကို ထူထောင်ကြမည်ဖြစ်သည်။ ထိုသို့ ထူထောင်ရာတွင် နှစ်ဦးနှစ်ဖက်တို့သည် ယခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ကုန်စည် အမျိုးအမည်ပေါင်း ၇၀၀၀ တို့အပေါ် ကောက်ခံနေသော အကောက်ခွန်နှုန်းထားများကို စတင်လျှော့ချသွားမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သည်လည်း အာဆီယံအဖွဲ့နှင့်အလားတူလုပ်ဆောင်မှုမျိုးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

၇ ဒသမ ၇ ထရီလီယံရှိ

အရှေ့အာရှ ဒေသသည် ကမ္ဘာပေါ်တွင် စီးပွားရေးအရတိုးတက်မှု အမြန်ဆုံးဒေသဖြစ်သည်။ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အာဆီယံအဖွဲ့တို့ ပါဝင်သော ဒေသ၏ ၂၀၀၃ ခုနှစ် ဂျီဒီပီသည် အမေရိကန်ဒေါ်လာ၇ဒသမ၇ထရီလီယံရှိသည်။ ထိုပမာဏသည် ကမ္ဘာ့စုစုပေါင်း ဂျီဒီပီ၏ ၂၁ဒသမ၂ရာခိုင်နှုန်းရှိသည်ဟု လက်ထောက်ဝန်ကြီး ရီက ပြောကြားသည်။

တိုးတက်

အဆိုပါဒေသ၏ ကုန်သွယ်ရေးမှာလည်း လွန်ခဲ့သောနှစ်များက တိုးတက်လာသည်။ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၈၁ဒသမ ၀၂ ဘီလီယံရှိသည်။ ထိုအချက်များက မိမိတို့ဒေသသည် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန်အတွက် အခြေခံကောင်းများ ရှိနေကြောင်းကို ဖော်ပြလျက်ရှိသည်ဟု ရီက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ထိုင်းအစိုးရက ကမ်းခြေဒေသသာယာစိုပြည်ပြီး ဧရာမ ခရီးသည်များ ပြန်လည်ဆွဲဆောင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည့် ဖူးကက်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတွင် ကမ္ဘာလှည့်တစ်ဦး လှည့်လည်သွားလာနေသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဆူလာဝေစီကျွန်းတွင် အင်အားပြင်းငလျင်လှုပ်

ဂျကာတာ ဇန်နဝါရီ ၂၅

ရစ်ချ်တာစကေး ၆ဒသမ ၂ ရှိသော အင်အားပြင်းငလျင်တစ်ခုသည် အင်ဒိုနီးရှားအရှေ့ဘက် ဆူလာဝေစီကျွန်းတွင် လှုပ်သွားခဲ့ကြောင်း၊ ထိုငလျင်ဒဏ်ကြောင့် အဆောက်အအုံများပျက်စီးသွားပြီး ဒေသတွင်း နေထိုင်သူများလည်း ကြောက်လန့်သွားကြကြောင်း တာဝန်ခံ၏ ပြောကြားချက်ကို ဇန်နဝါရီ ၂၄ရက်က ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြခဲ့သည်။

ဆူမတြာကျွန်း အနောက်ဘက် အာချေးဒေသတွင် ငလျင်လှုပ်ပြီးနောက် တစ်လအကြာတွင် နောက်ထပ်ဖြစ်ပေါ်ခဲ့သော ငလျင်ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာတွင် ဆူနာမီလှိုင်းများဖြစ်ပွားမှုကြောင့် လူပေါင်း ၂၃၄၀၀၀ သေဆုံးခဲ့ရပြီး အင်ဒိုနီးရှားနိုင်ငံသားများသည် သေဆုံးမှုတွင် အများဆုံးပါဝင်သည်။

မသိရှိရသေး

ဆူလာဝေစီကျွန်းတွင် ဇန်နဝါရီ ၂၃ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က လှုပ်သွားသည့် ထိုငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု သတင်း များကို မသိရှိရသေးကြောင်း မိုးလေဝသဆိုင်ရာ ဘူမိရူပဗေဒအဖွဲ့က ပြောကြားခဲ့သည်။

ထိုငလျင်ကြောင့် ကြောက်လန့်စွာပြေးထွက်လာကြသော ပြည်သူများကို ရဲများက မကြောက်လန့်ကြရန် ပြောဆိုခဲ့ရကြောင်း ဒေသတွင်းသတင်းဌာနမှဖော်ပြခဲ့သည်။

ငလျင်ဒဏ်ကြောင့် အနည်းဆုံး အိမ်ရှစ်လုံးပျက်စီးပြီး ဒဏ်ရာရရှိသူများစာရင်းကို မရှိသေးကြောင်း မိုးလေဝသနှင့်ဘူမိရူပဗေဒအဖွဲ့တာဝန်ခံ ဆူတီနိုက ရိုက်တာသတင်းဌာနကိုပြောကြားခဲ့သည်။ ပျက်စီးသွားသော အိမ်များသည် ပေါ်လူမြို့မှဖြစ်ပြီး ထိုမြို့သည် နိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိသည်။

နှစ်ကြိမ်လှုပ်

ငလျင်လှုပ်သွားပြီး နောက်ဆက်တွဲငလျင်များ အနည်းဆုံးနှစ်ကြိမ် လှုပ်သွားခဲ့သည်။ ဂျကာတာမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၅၀၀ တွင် တည်ရှိသော လေဆိပ်ကို ပိတ်ထားရကြောင်း သတင်းဌာနမှ ထုတ်လွှင့်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကိုလံဘီယာပြောက်ကျားခေါင်းဆောင်အား ဖမ်းဆီးမှု အမေရိကန်က နောက်ကွယ်မှကြိုးကိုင်ကြောင်း ဗင်နီဇွဲလားသမ္မတ ပြောကြား

ကရာကပ် ဇန်နဝါရီ ၂၄

ကိုလံဘီယာ လက်ဝဲပြောက်ကျားခေါင်းဆောင်တစ်ဦးကို လွန်ခဲ့သည့်လအတွင်းကကိုလံဘီယာက စစ်ဆင်ရေးတစ်ရပ်ပြုလုပ်ပြီး ကရာကပ်မြို့၌ဖမ်းဆီးလိုက်သည့်ဖြစ်ရပ်တွင် အမေရိကန်နိုင်ငံက နောက်ကွယ်မှ ကြိုးကိုင်ပေးခြင်းဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ခြိမ်းခြောက်

ကိုလံဘီယာ ဖတ်ခ်သူပုန် ခေါင်းဆောင် ရိုဒရီဂိုဂရန်ဒါအား ဗင်နီဇွဲလားနိုင်ငံ မြို့တော်ကရာကပ်မှ ပြန်ပေးဆွဲသွားခြင်းမှာ ဗင်နီဇွဲလားနိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်စော်ကားခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စအတွက် ကိုလံဘီယာအစိုးရက ဝန်ချတောင်းပန်ခြင်းမပြုလျှင် အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ကိုလံဘီယာနိုင်ငံနှင့် ဆက်ဆံရေး ဖြတ်တောက်ရမည်ဟု ဗင်နီဇွဲလား သမ္မတ ချာဗက်က သတိပေးပြောကြားလိုက်သည်။

ထောက်ခံ

ဤကျူးကျော်ရန်စမှုမှာ မည်သည့်နေရာက လာကြောင်းကို မိမိသိရှိကြောင်း၊ ယင်းမှာ ကိုလံဘီယာနိုင်ငံမှ မဟုတ်ဘဲ အမေရိကန်အစိုးရထံမှ လာခြင်းဖြစ်ကြောင်း၊ ကရာကပ်မြို့တော်မှ ကိုလံဘီယာမှာက်စ်ဝါဒီ ပြောက်ကျားခေါင်းဆောင်ဂရန်ဒါအား ပြန်ပေးဆွဲခြင်းမှာ အမေရိကန်နယ်ချဲ့ဝါဒ၏ လောလောလတ်လတ် တိုက်ခိုက်ထိပါးလာမှုတစ်ရပ် ဖြစ်ကြောင်း သမ္မတနန်းတော်အပြင်ဘက်တွင်ပြုလုပ်သည့် ထောင်ပေါင်းများစွာသော ထောက်ခံသူများ တက်ရောက်သည့် လူထုအစည်းအဝေးတွင် သမ္မတ ချာဗက်က ပြောကြားသည်။

ဆက်ဆံရေးတင်းမာ

၁၉၉၈ ခုနှစ်တွင် မစ္စတာချာဗက် အာဏာရရှိပြီး ကျူးဘားနိုင်ငံကဲ့သို့သော အမေရိကန် ဆန့်ကျင်ရေးနိုင်ငံများနှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ ဆက်ဆံရေး တိုးမြှင့်လာမှုကြောင့် အမေရိကန်အစိုးရနှင့် ဗင်နီဇွဲလားအစိုးရတို့အကြား ဆက်ဆံရေးတင်းမာလာသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ တိုးချဲ့နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားလိုင်းများ တပ်ဆင်နေသည်ကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အင်္ဂလန်တွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျ

လန်ဒန် ဇန်နဝါရီ ၂၅

အင်္ဂလန်တောင်ပိုင်း ဆိုမားဆက်ဒေသတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေးဦးသေဆုံးကြောင်း ဘီဘီစီသတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

တွေ့ရှိ

ပျက်ကျခဲ့သော ရဟတ်ယာဉ်မှာ ဂျက်ရိန်းဂျား ၂၀၆ ဘီ အမျိုးအစားဖြစ်ပြီး ပုဂ္ဂလိကပိုင် ရဟတ်ယာဉ်ဖြစ်ကြောင်း၊ တနင်္ဂနွေနေ့ ဂရင်းနစ်စံတော်ချိန် နံနက် ၉ နာရီခန့်တွင် ရဟတ်ယာဉ်၏ အပျက်အစီးအပိုင်းအစများကို ဝယ်လင်တန်မြို့တောင်ဘက်တွင် တွေ့ရှိရကြောင်း သတင်းဌာနက ဖော်ပြသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူအားလုံးမှာ အမျိုးသားများဖြစ်ကြောင်း၊ ၎င်းတို့အနက် အသက်(၁၅)နှစ်အရွယ် ယောကျ်ားလေးတစ်ဦးပါဝင်ကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှု အကြောင်းအရင်းကို လေကြောင်းမတော်တဆမှုများကို စစ်ဆေးရေးအဖွဲ့က စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံး

အဆိုပါ ရဟတ်ယာဉ်သည် စနေနေ့က အင်္ဂလန်နိုင်ငံ အနောက်တောင်ပိုင်း ဂလူကက်စတာရှိုင်းယားလေဆိပ်မှ ထွက်ခွာသွားခဲ့ပြီးနောက် ပျောက်ဆုံးသွားခဲ့သည်။ ရဲတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်တစ်စင်းနှင့် ဘုရင့်လေတပ်မတော်မှ ဆီးကင်းအမျိုးအစားရဟတ်ယာဉ်တစ်စင်းတို့က ပျောက်ဆုံးသွားသော ရဟတ်ယာဉ်ကို ရှာဖွေခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါအကြောင်းသိကောင်းစရာ

ပါမောက္ခဒေါက်တာဒေါ်ခင်မေစန်း

သွေးတိုးရောဂါ

လူတစ်ဦး၏ ကျန်းမာရေးကို စစ်ဆေးသည့်အခါတိုင်း သွေးပေါင်ချိန်မည်မျှ ရှိသည်ကို မှတ်တမ်းတင်လေ့ရှိပါသည်။ သွေးပေါင်ချိန်သည် အသက်အရွယ်ကို လိုက်၍ ပြောင်းလဲသော်လည်း ယေဘုယျအားဖြင့် သွေးပေါင်ချိန်သည် ၁၂၀/၈၀ mm Hgနှင့်အောက်ရှိလျှင် ပုံမှန်သွေးပေါင်ချိန်ရှိသည်။ သွေးတိုးရောဂါမရှိဟု ဆေးပညာရှင်များက သတ်မှတ်ကြပါသည်။ သွေးပေါင်ချိန် ၁၄၀/၉၀ mm Hg နှင့်အထက်ရှိသူများကို သွေးပေါင်တက်သည်၊ သွေးတိုးရောဂါရှိသည်ဟု သတ်မှတ်ကြပါသည်။ ထို့ကြောင့် သွေးပေါင် ၁၂၀/၈၀ mm Hg နှင့် ၁၄၀/၉၀ mm Hg ကြားတွင်ရှိသူများကို သွေးတိုးဖြစ်နိုင်သူများဟု ယူဆသတ်မှတ်ပါသည်။

သွေးတိုးရောဂါဖြစ်ပွားမှု

သွေးတိုးရောဂါသည် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအတွက် အရေးကြီးသော ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ခုအဖြစ် သတ်မှတ်၍ ကာကွယ်ကုသရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတကာလေ့လာချက် စစ်တမ်းများအရ အရွယ်ရောက်သူ ၂၀ ရာခိုင်နှုန်းသည် သွေးတိုးရောဂါ ဖြစ်နေသည်ကို တွေ့ရှိနေရပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင်လည်း ပြုလုပ်ထားသော သုတေသနစစ်တမ်းများအရ နိုင်ငံတကာကဲ့သို့ပင် အရွယ်ရောက်ပြီးသူ ၂၀ ရာခိုင်နှုန်းခန့်မှာ သွေးတိုးရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်သွေးတိုးရောဂါကို အဓိက ကျန်းမာရေးပြဿနာတစ်ခုအဖြစ် သတ်မှတ်၍ ကျန်းမာရေးဝန်ကြီးဌာနမှ နှလုံးသွေးတိုးရောဂါ စီမံချက်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်းပြီး ကာကွယ်ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သွေးတိုးရောဂါမည်ကဲ့သို့ဖြစ်ပွားသနည်း

သွေးတိုးရောဂါသည် အသက်(၄၀)ကျော်လျှင်အထူးသဖြင့် ကိုယ်အလေးချိန်များသူများ၊ ဆီးချိုရောဂါဖြစ်နေသူများ၊ သွေးတိုးရောဂါမျိုးရိုး ရှိသူများတွင် ပိုမိုဖြစ်ပွားလေ့ရှိပါသည်။ ဆေးလိပ်သောက်သူများ၊ အရက်သောက်သူများ၊ ဆားနှင့်အငန်ကို မရှောင်နိုင်သူများ၊ အဆီအဆိမ့်စားသုံးသူများနှင့် စိတ်ဖိစီးမှု ခံစားနေရသူများသည် သွေးပေါင်ပိုမိုတက်တတ်ပါသည်။ ထို့ပြင် ကျောက်ကပ်ရောဂါ ဖြစ်နေသူများ၊ ကိုယ်ခန္ဓာအတွင်း ဟော်မုန်းဓာတ်ထုတ်လုပ်မှု မမှန်သူများ၊ အချို့သောဆေးဝါးများမှီဝဲနေသူများ၊ ဥပမာ–သန္ဓေတားဆေးများကြောင့် သွေးတိုးရောဂါဖြစ်ပွားတတ်ပါသည်။ ကိုယ်ဝန်ဆောင်စဉ် ကိုယ်ဝန်အဆိပ်တက်ခဲ့လျှင်လည်း သွေးတိုးရောဂါ ဆက်လက်ဖြစ်ပွားနိုင်ပါသည်။

သွေးတိုးရောဂါလက္ခဏာများ

သွေးတိုးရောဂါသည် တစ်ခါတစ်ရံ မည်သည့်ရောဂါလက္ခဏာမျှ ပြသခြင်းမရှိဘဲ ရုတ်တရက်ဦးနှောက်သွေးကြောပြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းတို့ ဖြစ်စေနိုင်ပြီး သေဆုံးသည်အထိ ဖြစ်နိုင်သောကြောင့် သွေးတိုးရောဂါကို အသံတိတ် လူသတ်ကောင်အဖြစ် တင်စားခေါ်လေ့ရှိပါသည်။ သွေးတိုးရောဂါ ရှိသူသည် ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်း စသည့် ရောဂါလက္ခဏာများလည်း တွေ့ရပါသည်။ ကျောက်ကပ်အားနည်း၍ ဖောရောင်ခြင်း၊ နှလုံးသွေးကြောကျဉ်း၍ ရင်ဘတ်အောင့်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း စသည့်လက္ခဏာများတွေ့ရှိ၍ သွေးတိုးရှိမှန်း သိရသည်လည်း ရှိပါသည်။

သွေးတိုးရောဂါရှိ–မရှိ မည်သို့သိရှိနိုင်သနည်း

သွေးတိုးရောဂါကို အလွယ်တကူသိရှိရန် သွေးပေါင်မှန်မှန်ချိန်ဖို့ လိုအပ်ပါသည်။ သွေးပေါင်တက်သည်ကို တွေ့ရှိလျှင် သုံးကြိမ်သုံးခါ ပြန်လည်စစ်ဆေးပြီး သွေးပေါင်ချိန် ၁၄၀/၉၀ mm Hg နှင့် အထက်ရှိလျှင် သွေးတိုးရောဂါ ရှိသည်ဟု သတ်မှတ်ပါသည်။

သွေးတိုးရောဂါကို မည်သည့်အချိန်တွင် ကုသမှုခံယူရမည်နည်း

သွေးတိုးရောဂါရှိလျှင် ယေဘုယျအားဖြင့် သွေးပေါင် ၁၄၀/၉၀ mm Hg နှင့် အထက်ရှိလျှင် ဆေးကုသမှုခံယူရန် လိုအပ်ပါသည်။ သွေးတိုးရောဂါ ရှိလျက် ကုသမှုမခံယူလျှင် နှလုံး၊ သွေးကြော၊ ဦးနှောက်နှင့် ကျောက်ကပ် ကဲ့သို့သော ကိုယ်ခန္ဓာအတွက် အရေးပါသော အစိတ်အပိုင်းများ ချို့ယွင်းလာမည်ဖြစ်ပါသည်။ သွေးတိုးကြောင့် နှလုံးကြီးခြင်း၊ နှလုံးညှစ်အားလျော့ကျခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်စေသည်။ ဦးနှောက်သွေးကြောပိတ်ခြင်း၊ သွေးယိုခြင်း၊ လေဖြတ်ခြင်းများလည်း ဖြစ်နိုင်သည်။ ကျောက်ကပ်အားနည်းလာမည်။ မျက်စိကွယ်သည့်ရောဂါ၊ သွေးလွှတ်ကြောများ မာခဲလာခြင်း၊ atherosclerosis ဖြစ်၍ သွေးကြောပိတ်ခြင်း၊ ခြေလက်ပုပ်ခြင်းများ ဖြစ်စေပါသည်။

သွေးတိုးရောဂါရှိသူများမည်သို့ပြုမူနေထိုင်ရမည်နည်း

သွေးတိုးရောဂါရှိလျှင် လိုအပ်သောဆေးဝါးများဖြင့် ကုသမှုခံယူရန် လိုအပ်သကဲ့သို့ပင် မိမိကိုယ်တိုင်ကလည်း ကျန်းမာရေးနှင့်လိုက်လျောညီထွေစွာ နေထိုင်စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်း၊ ကိုယ်အလေးချိန်ကိုထိန်းသိမ်းခြင်း၊ ဆားနှင့်အငန်လျှော့စားခြင်း၊အဆီလျှော့စားခြင်း၊ ဟင်းသီးဟင်းရွက်အသီးအနှံများကိုစားသုံးခြင်း၊ စိတ်ဖိစီးမှုလျော့ကျအောင် ပြုမူနေထိုင်ခြင်းဖြင့် သွေးတိုးရောဂါကာကွယ်ကုသရေးတွင် အထောက်အကူဖြစ်စေပါသည်။ သွေးပေါင်အနည်းငယ်တက်သူများသည် အထက်ပါအတိုင်း ကျန်းမာရေးနှင့်မျှတညီညွတ်စွာနေထိုင်ခြင်းဖြင့် သွေးပေါင်ပုံမှန် ပြန်ရောက်နိုင်ပါသည်။ အထက်ပါအတိုင်း ပြုမူနေထိုင်သည့်တိုင်အောင် သွေးပေါင် ၁၄၀/၉၀ mm Hg နှင့်အထက်ရှိလျှင် သွေးပေါင်ထိန်းပေးသော ဆေးဝါးများကို တတ်ကျွမ်းနားလည်သည့် ကျန်းမာရေးဝန်ထမ်းများ၏ ညွှန်ကြားချက်နှင့်အညီ မှီဝဲသုံးစွဲရန် လိုအပ်ပါသည်။ ထိုဆေးဝါးများသည် သွေးတိုးရောဂါကို ပျောက်ကင်းအောင် ကုသပေးခြင်းမဟုတ်ဘဲ သွေးပေါင်မတက်အောင် ထိန်းပေးခြင်းသာဖြစ်၍ သွေးပေါင်ကျ ဆေးကို အမြဲတမ်းမှန်မှန်သုံးစွဲရန်လိုအပ်ပါသည်။

သွေးတိုးရောဂါရှိသူသည် ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းကြောင့် သွေးပေါင်ကို ပိုမိုတက်စေပြီး သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားမှုကို ပိုမိုများပြားနိုင်သည့်အတွက် အရက်နှင့်ဆေးလိပ်ကို လုံးဝရှောင်ကြဉ်သင့်ပါသည်။ တစ်နေ့တာစားသုံးမှု အာဟာရထဲတွင် ဆား၏ ပါဝင်မှုနှုန်းကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းထက်နည်းအောင်၊ ဆားနှင့်အငန်ဓာတ်ကိုလျော့ကျအောင် အစားအစာများကို ပြုပြင်၍စားသုံးသင့်ပါသည်။ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တို့တွင် ဆားပါဝင်မှု များပြားလေ့ရှိသဖြင့် ရှောင်ကြဉ်သင့်ပေသည်။ ဆိုဒါပါသောမုန့်၊ စားသောက်ဖွယ်အမျိုးမျိုး၊ အချိုမှုန့်ပါသော အစားအစာများသည်လည်း အငန်ဓာတ်ပါဝင်သည့်အတွက် ရှောင်သင့်ပါသည်။

အစားအစာများချက်ပြုတ်ပြင်ဆင်ရာမှာ တိရစ္ဆာန်အဆီ၊ ထောပတ်၊ ကြက်ဥ အနှစ်ကဲ့သို့ အဆီဓာတ်များသည့် အစားအစာများကို ရှောင်သင့်ပါသည်။ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးသင့်ပြီး ငါးကိုတစ်ပတ်လျှင် အနည်းဆုံးသုံးကြိမ်ခန့် စားသုံးသင့်ပါသည်။ ကိုယ်လက်လှုပ်ရှားမှု ပိုမိုလုပ်သင့်ပါသည်။ ခပ်ပြင်းပြင်း လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ အေရိုးဗစ်ကခြင်း၊ အေရိုးဗစ်လေ့ကျင့်ခန်းကဲ့သို့သော လေ့ကျင့်ခန်းများလုပ်ခြင်းသည် ကျန်းမာရေး အတွက် အထောက်အကူပြုသော အလေ့အကျင့်ကောင်းများ ဖြစ်ပါသည်။ ရွေ့လျားမှုများမရှိသောလေ့ကျင့်ခန်းများ၊ ဥပမာ– အလေးမခြင်းသည် အထက်ဖော်ပြပါ လေ့ကျင့်ခန်းများကဲ့သို့အထောက်အကူပြုခြင်းမရှိပါ။ တစ်ပတ်လျှင် ငါးရက်၊ တစ်နေ့လျှင် နာရီဝက်ခန့်ခပ်ပြင်းပြင်းလမ်းလျှောက်ခြင်းသည် လူတိုင်း ဆောင်ရွက်နိုင်သော အလွယ်ကူဆုံး ကိုယ်လက်လှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။

သွေးပေါင်တက်၍ သွေးတိုးရောဂါရှိသူများ၊ သွေးပေါင်ကျအောင် ပြုမူဆောင်ရွက်ခြင်းဖြင့် ထူးခြားသောအကျိုးကို ရရှိခံစားရပါသည်။ နေထိုင်၍ ပိုမိုကောင်းလာပြီး ခေါင်းကိုက်ခြင်း၊ မောပန်းခြင်း၊ ရင်တုန်ခြင်းတို့ ပျောက်ကင်းလာပါမည်။ သွေးတိုးကြောင့်ဖြစ်ပွားသော နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါ၊ ကျောက်ကပ်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ပါသည်။ အချုပ်အားဖြင့် ဆိုရလျှင်သော် အထက်ပါအတိုင်း သွေးပေါင်ကို ထိန်းသိမ်းပြီး နေလျှင် သက်တမ်းစေ့ ကျန်းမာစွာနေထိုင်နိုင်မည်ဖြစ်ပါသည်။

နှလုံးသွေးကြောကျဉ်းရောဂါ

နှလုံးသွေးကြောကျဉ်းရောဂါသည် ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံတွင် ပိုမိုဖြစ်ပွားလာသည်ကို သုတေသနစစ်တမ်းများအရ သိရှိရပါသည်။ နှလုံးသွေးကြောကျဉ်းရောဂါဆိုသည်မှာ နှလုံးသွေးကြောများတွင် အဆီများစုလာ၍ သွေးကြောကျဉ်းလာခြင်း၊ ပိတ်ဆို့ခြင်းကြောင့် နှလုံးကြွက်သားများ အလုပ်မလုပ်နိုင်ဖြစ်လာခြင်းကို ခေါ်ပါသည်။ နှလုံးပုံမှန်အလုပ်လုပ်ရန် လိုအပ်သော အောက်ဆီဂျင်နှင့် အာဟာရဓာတ်များကို နှလုံးသွေးလွှတ်ကြော သုံးချောင်းမှ ရရှိပါသည်။ ထိုသွေးလွှတ်ကြောသုံးချောင်းအနက် တစ်ချောင်း(သို့) တစ်ချောင်းထက်ပို၍ ကျဉ်းနေလျှင် နှလုံးသွေးကြောကျဉ်းရောဂါ လက္ခဏာများ ဖြစ်ပေါ်လာသည်။ နှလုံးသွေးကြော၌ အဆီများစု၍ သွေးကြောများ မာလာခြင်းသည်အဓိက အကြောင်းရင်းဖြစ်ပါသည်။

ပြင်းထန်သော လေ့ကျင့်ခန်းများလုပ်သည့်အခါ နှလုံးသွေးကြောမှသွေးကို လိုအပ်သလောက် မပေးနိုင်တော့၍ နှလုံးကြွက်သားများ အလုပ်မလုပ်တော့ဘဲ ရုတ်တရက် သေဆုံးတတ်ပါသည်။ အထူးသဖြင့် အားကစားသမားများတွင် ရုတ်တရက် သေဆုံးရသည်မှာ နှလုံးသွေးကြောရောဂါကြောင့် ဖြစ်ပါသည်။

ရောဂါလက္ခဏာများ

လှုပ်ရှားမှုပြုလုပ်သည့်အခါ ဘယ်ဘက်ရင်အုံနေရာတွင် ညှစ်ထားသကဲ့သို့ အောင့်တက်လာပြီး နားလိုက်လျှင်သက်သာသွားသည်။ တစ်ခါတစ်ရံ ရင်ဘတ်အောင့်ခြင်းသည် မေးရိုးနှင့်လက်မောင်းထိအောင် ပြန့်ပွားတတ်ပါသည်။ ရင်ဘတ်အောင့်သည်နှင့်တစ်ချိန်ထဲတွင် ချွေးစီးထွက်ခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းမူးခြင်း၊ မောဟိုက်ခြင်းတို့ပါ ဖြစ်နိုင်ပါသည်။ ရောဂါပိုမိုဆိုးလာလျှင် လှုပ်ရှားမှုမပြုဘဲ နားနေစဉ်မှာပင် အထက်ပါအတိုင်း ရင်ဘတ်အောင့်လာနိုင်ပါသည်။

ထိုသို့ရင်ဘတ်တွင်းမှ မိနစ် ၂၀ ထက်ပို၍ အပြင်းအထန်အောင့်တက်လာလျှင် နှလုံးသွေးကြောပိတ်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။

တစ်ခါတစ်ရံတွင်လည်း နှလုံးသွေးကြောကျဉ်းရောဂါသည် ရင်ဘတ်မအောင့်ဘဲ မောပန်းခြင်း၊ ချွေးစီးထွက်ခြင်း၊ အားအင်ကုန်ခန်းခြင်းတို့သာ ဖြစ်တတ်သည်ကို တွေ့ရှိရပါသည်။

ရောဂါဖြစ်စေနိုင်သော အခြေအနေများ

အမျိုးသားများသည် အမျိုးသမီးများထက် နှလုံးသွေးကြောရောဂါ ပိုမိုဖြစ်ပွားလေ့ရှိသည်။ အမျိုးသမီးများ မီးယပ်သွေးဆုံးပြီးလျှင် အမျိုးသားများကဲ့သို့ ဖြစ်နိုင်သည်။ ဆေးလိပ်သောက်သူများ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွေးအတွင်း အဆီဓာတ်များသူများ၊ ကိုယ်အလေးချိန်များသူများ၊ အရက်သောက်သူများ၊ ကိုယ်လက်လှုပ်ရှားမှုနည်းသူများတွင် နှလုံးသွေးကြောကျဉ်းရောဂါ ပိုမိုဖြစ်နိုင်ပါသည်။

လူတစ်ဦးထဲတွင် သွေးပေါင်တက်လျှင်၊ ဆီးချိုရှိလျှင်(သို့) ဆီးချို ဖြစ်နိုင်ခြေရှိလျှင်၊ သွေးအတွင်း အဆီများလျှင်၊ ဝလျှင်(သို့) ဗိုက်အိုးထွက်ခြင်းကဲ့သို့ အကြောင်းများ ရှိနေသူများတွင် နှလုံးသွေးကြောကျဉ်းရောဂါ ပိုမိုဖြစ်နိုင်သည်။

နှလုံးသွေးကြောကျဉ်းရောဂါကို မည်သို့စစ်ဆေးနိုင်သနည်း

နှလုံးသွေးကြောကျဉ်းရောဂါလက္ခဏာရှိသူ၊ ရောဂါဖြစ်နိုင်သော အခြေအနေရှိသူများကို ECG စက်ဖြင့် နှလုံး၏သွေးကြောအခြေအနေကို စစ်ဆေးနိုင်ပါသည်။ သာမန်အချိန်တွင် ECGဖြင့် ရောဂါမတွေ့ရှိလျှင် လေ့ကျင့်ခန်းလုပ်၍ ECG (Exercise ECG) ဖြင့်လည်း စစ်ဆေးနိုင်ပါသည်။ ဤနည်းဖြင့် နှလုံးသွေးကြောကျဉ်းသူအများစုကို ရောဂါရှာဖွေစစ်ဆေးနိုင်ပါသည်။

နှလုံးသွေးဖြန့်ဝေမှုကို စစ်ဆေးသောစက် (Myocardial Perfusion Scan)ဖြင့်လည်း နှလုံးသွေးကြောကျဉ်းရောဂါကို စစ်ဆေးနိုင်ပါသည်။ ရေဒီယိုသတ္တိပြသော ဓာတ်ပေါင်းတစ်မျိုးကို သွေးပြန်ကြောမှ နှလုံးထဲသို့ထည့်ပေး၍ ကင်မရာဖြင့် နှလုံးတွင် သွေးဖြန့်ဝေမှုကို ပုံဖော်စစ်ဆေးနိုင်ပါသည်။ ထိုသို့ စစ်ဆေးခြင်းဖြင့် သွေးကြောကျဉ်း၍ သွေးမလျှောက်သည့် နှလုံးကြွက်သား ဧရိယာများကိုအနီးစပ်ဆုံး ပုံဖော်စစ်ဆေးနိုင်ပါသည်။ လေ့ကျင့်ခန်းလုပ်၍ ECG ဖြင့် စစ်ဆေးသည့်ပြင် နှလုံးတယ်လီဗွီးရှင်း (Echocardiogram) စက်ဖြင့်လည်း သွေးကြောကျဉ်းရောဂါကြောင့် နှလုံးကြွက်သားများ ပုံမှန်အလုပ်လုပ်၊ မလုပ်ကိုလည်းစစ်ဆေး၍ နှလုံးသွေးကြောကျဉ်းရောဂါ ရှိ၊မရှိ စစ်ဆေးနိုင်ပါသည်။

နှလုံးသွေးကြောဓာတ်မှန်ရိုက်ခြင်း (Coronary angiogram)

နှလုံးသွေးကြောတွင်းသို့ ပိုက်ထည့်၍ ဆေး (Dye) ထိုးပြီး နှလုံးသွေးကြောကို ဓာတ်မှန်ရိုက်၍ ကြည့်နိုင်ပါသည်။ ဤသို့ ဓာတ်မှန်ရိုက်ခြင်းဖြင့် နှလုံးသွေးကြောကျဉ်းသည့်နေရာ၊ မည်မျှကျဉ်းနေသည်နှင့် သွေးကြောကို ဘောလုံးဖြင့်ချဲ့၍ ရ၊ မရကိုပါ စစ်ဆေးသိရှိနိုင်ပါသည်။

ထိုကဲ့သို့ စမ်းသပ်မှုအားလုံးကို ယခုအခါတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုသဌာနတွင် ပြုလုပ်နိုင်ပြီဖြစ်ပါသည်။

နှလုံးသွေးကြောကျဉ်းရောဂါကို မည်ကဲ့သို့ ကုသမှုခံယူရမည်နည်း

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်ပြုမူရန် (Life Style modification) အလွန်လိုအပ်ပါသည်။ ဆေးလိပ်လုံးဝဖြတ်ပစ်ရမည်။ အာဟာရမျှတသော အစားအစာကို စားသုံးရမည်။ ဆား၊ အငန်နှင့် အသားဆီ၊ ဟင်းရွက်ဆီတို့ကို လျှော့၍ စားသုံးရမည်။ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးရမည်။ ငါးကို ပိုမိုစားသုံးသင့်သည်။ သင့်တော်သော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ၊ ဥပမာ–ခပ်မြန်မြန်လမ်းလျှောက်ခြင်းတို့ကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ စိတ်ဖိစီးမှုကို လျော့ပါးစေရန် လေ့ကျင့်ခန်းလုပ်ခြင်း၊ တရားထိုင်ခြင်းတို့ ပြုလုပ်သင့်ပါသည်။

နှလုံးသွေးကြောကျဉ်းရောဂါဖြစ်လျှင် ရောဂါလက္ခဏာ အနည်းအများပေါ်မူတည်၍–

၁။ ဆေးဝါးကုသမှုခံယူနိုင်သည် (Medical Treatment)

၂။ နှလုံးသွေးကြောကိုချဲ့၍ လိုအပ်လျှင် သွေးကြောထောက်ကိရိယာထည့်၍ ကုသနိုင်သည် (Angioplasty and Stenting)

၃။ နှလုံးကိုခွဲစိတ်၍ သွေးကြောအစားထည့်ပြီး ကုသနိုင်သည် (CABG)

ဆေးဝါးဖြင့်ကုသခြင်း

သွေးကြောကျဉ်းလူနာအားလုံးသည် ဆေးဝါးဖြင့်ကုသရန် လိုအပ်ပါသည်။ သွေးကြောတွင် သွေးမခဲစေရန်၊ အဆီဓာတ်လျော့ပါးစေရန်၊ သွေးပေါင်မှန်စေရန်၊ သွေးကြောကျုံ့ခြင်းမှ ကာကွယ်ရန်၊ Asprin, Statin, ACEI, β-blocker စသည့်ဆေးများကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း သောက်ရန်လိုအပ်သည်။

အထက်ပါအတိုင်း လိုအပ်သော ဆေးဝါးများဖြင့် ကုသပါသော်လည်း ရောဂါမသက်သာလျှင် (သို့မဟုတ်) သွေးကြောကျဉ်းရောဂါကြောင့် သွေးကြောပိတ်ရန် အလားအလာရှိသူများကို သွေးကြောချဲ့၍ ကုသခြင်း၊ လိုအပ်လျှင် သွေးကြောထောက်ကိရိယာထည့်၍ ကုသနိုင်ပါသည်။

နှလုံးသွေးကြောကျဉ်းရောဂါရှိသူများတွင် နှလုံးသွေးကြော ဓာတ်မှန်ရိုက်သည့်အခါ အဓိကသွေးကြောများ ပိတ်ဆို့ခါနီးဖြစ်နေလျှင်၊ သွေးကြောသုံးချောင်းစလုံး ရောဂါရှိလျှင် ထိုသွေးကြောများကိုချဲ့ပေးရန်၊ သွေးကြောထောက်ကိရိယာထည့်ရန် မဖြစ်နိုင်ပေ။ ထိုအခြေအနေမျိုးတွင် ခွဲစိတ်၍ နှလုံးသွေးကြော အစားထိုးကုသခြင်းဖြင့် ကုသရန်လိုအပ်ပါသည်။ အထူးသဖြင့် ဆီးချိုရောဂါရှိသူများ၊ နှလုံးညှစ်အား ကျနေသူများတွင် ပို၍အကျိုးရှိပါသည်။

အထက်ပါကဲ့သို့ နှလုံးသွေးကြောချဲ့ခြင်း၊ သွေးကြောထောက်ကိရိယာထည့်ခြင်းနှင့် လိုအပ်ပါက ခွဲစိတ်၍နှလုံးသွေးကြော အစားထည့်ခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုသဌာန နှလုံးခွဲစိတ်ကုသဌာနတွင် ပြုလုပ်ပေးနိုင်ပါသည်။

နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်ပွားစေရန်ကာကွယ်ရေး

ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်ခြင်း (Healthy Life Style)ဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားမှုကို လျော့ကျစေနိုင်ပါသည်။ ဆေးလိပ်မသောက်ရ၊ ဆေးလိပ်သောက်သူများ ဆေးလိပ်ဖြတ်ပါ။ အရက် မသောက်ရ၊ အရက်သောက်သူများ အရက်ဖြတ်ပါ။ ဆားနှင့်အငန်လျှော့စားပါ။ အသားဆီ၊ ဟင်းချက်ဆီကို လျှော့စားပါ။ ဟင်းသီးဟင်းရွက်၊ အသီးအနှံစားပေးပါ။

ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ပါ။ တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် နာရီဝက်ခန့် ခပ်ပြင်းပြင်းလမ်းလျှောက်ပါ။အိမ်ရှင်မများ အိမ်မှုကိစ္စဆောင်ရွက်ခြင်းသည် ကိုယ်လက်လှုပ်ရှားမှုပြုခြင်းတစ်မျိုးဖြစ်ပါသည်။

သွေးပေါင်မှန်မှန်ချိန်၍ သွေးတိုးရှိ၊မရှိစစ်ဆေးသင့်ပါသည်။ သွေးပေါင်တက်လျှင် သွေးပေါင်ချိန် ၁၃၀/၈၅ mm Hg ထက်နည်းအောင် ဆေးကုသမှုခံယူရပါမည်။သွေးချိုရောဂါရှိ၊မရှိနှင့် သွေးချိုဖြစ်နိုင်ခြေရှိ၊ မရှိကို စစ်ဆေးရပါမည်။ ဖြစ်နိုင်ခြေရှိလျှင် ဆီးချိုရောဂါနှင့် သင့်တော်သော အာဟာရကို စားသုံး၍ လိုအပ်သောဆေးဝါးကုသမှုခံယူရပါမည်။

သွေးအတွင်း အဆီမည်မျှရှိသည်ကို သွေးဖောက်စစ်ဆေး၍ များနေလျှင် ကျန်းမာရေးနှင့်ညီညွတ်သော အဆီလျော့စေမည့် အစားအသောက်ကို ရွေးချယ်စားသုံးခြင်း၊ လိုအပ်သောဆေးဝါးကိုဆရာဝန်ညွှန်ကြားသည့်အတိုင်း သောက်ခြင်းဖြင့်ကုသရန်လိုအပ်ပါသည်။ မီးယပ်သွေးဆုံးပြီးသော အမျိုးသမီးများ ဟော်မုန်းပါသော ဆေးများသောက်ခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ သက်စောင့်ဓာတ်ဟုခေါ်သော ဗီတာမင်များကို မှန်မှန်မှီဝဲသင့်ပါသည်။

လူတစ်ဦးချင်းအနေဖြင့် အထက်ပါအတိုင်း လိုက်နာဆောင်ရွက်လျှင် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားမှုနှုန်း လျော့ကျသွားမည်ဖြစ်ပါသည်။ နှလုံးသွေးကြောကျဉ်းရန် အခြေအနေရှိသူများ ဥပမာ–သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူများ၊ နှလုံးသွေးကြောကျဉ်းရောဂါမျိုးရိုးရှိသူများပင် အထက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါက နှလုံးရောဂါ ဖြစ်ပွားမှုနှုန်း ၁၁ရာခိုင်နှုန်းခန့် လျော့ကျသွားသည်ကို တွေ့ရှိရပါသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည် ဟူသော ဆိုရိုးစကားအတိုင်း လူတိုင်း လူတိုင်း၊ အထက်ဖော်ပြပါအတိုင်းကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူနေထိုင်လျှင် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ ဆုများချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးညဏ်ထွန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်စိစစ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ဘင်ခရာတီးဝိုင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တီးဝိုင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စစ်ရေးပြအစီအစဉ်

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများသည် စုရပ်မှပြည်သူ့ရင်ပြင်သို့ ချီတက် နေရာယူကြသည်။ ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့် ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲတွင် (ဂ)အဆင့်စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု တတိယဆုရ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်၊ ဒုတိယဆုရ အမှတ်(၂) စစ်အခြေခံ လေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်နှင့် ပထမဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁) ခေါင်းဆောင်တို့အားလည်းကောင်း၊ (ခ)အဆင့်စစ်တီးဝိုင်း ခေါင်းဆောင် ကျွမ်းကျင်မှုဆုရရှိကြသည့် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်နှင့် ပထမဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း ခေါင်းဆောင်တို့အားလည်းကောင်း၊ (က)အဆင့် စစ်တီးဝိုင်း ခေါင်းဆောင် ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းခေါင်းဆောင်တို့အားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် (ဂ)အဆင့် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှုပထမဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)ခေါင်းဆောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုများချီးမြှင့်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်တီးဝိုင်းပြိုင်ပွဲအသင်းလိုက်ဆုများကိုချီးမြှင့်ရာ (ဂ)အဆင့်အသင်းလိုက် အထူးဆု(၇)ရရှိသည့် အမှတ်(၇) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၆)ရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂)၊ အထူးဆု(၅) ရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အထူးဆု(၄)ရရှိသည့် အမှတ်(၂) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၃)ရရှိသည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၂)ရရှိသည့် အမှတ်(၃)စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၁)ရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)၊ တတိယဆုရရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ ဒုတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ (၁)၊ ပထမဆုရရှိသည့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတို့မှ စစ်တီးဝိုင်းခေါင်းဆောင်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (ခ)အဆင့် အသင်းလိုက်အထူးဆု(၇)ရရှိသည့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၆)ရရှိသည့် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၅)ရရှိသည့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၄)ရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၃)ရရှိသည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၂)ရရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၁)ရရှိသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ တတိယဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ ဒုတိယဆုရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ ပထမဆုရရှိသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်းတို့အား လည်းကောင်း၊ (က)အဆင့်အသင်းလိုက် အထူးဆု(၂)ရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်း၊ အထူးဆု(၁) ရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အကောင်းဆုံးဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်းများအားလည်းကောင်း ဆုများချီးမြှင့်သည်။

သရုပ်ပြဖျော်ဖြေ

ယင်းနောက် စစ်တီးဝိုင်းများက အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ တီးမှုတ်ဖျော်ဖြေကြရာ လှိုင်သာယာမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့၊ (ဂ)အဆင့်စစ်တီးဝိုင်းပြိုင်ပွဲ ပထမဆုရ အမှတ်(၅၅)ခြေမြန် တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ (ခ)အဆင့်စစ်တီးဝိုင်းပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ (က)အဆင့် စစ်တီးဝိုင်းပြိုင်ပွဲ အကောင်းဆုံးဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းနှင့် တပ်မတော်ဂုဏ်ပြုတပ်ခွဲ နှင့် စစ်တီးဝိုင်းတပ်မှ စစ်တီးဝိုင်းတို့က အလှသရုပ်ပြ တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် (၁၄)ကြိမ်မြောက်တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြ ဖျော်ဖြေကြသည့် လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်း ကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်က စစ်တီးဝိုင်းကျွမ်းကျင်မှုပညာရှင်များအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် လေ့လာရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)လေးနှစ်သင်တန်းအမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူများ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ရောက်ရှိပြီး လေ့လာရေးအဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံ နှုတ်ဆက်ရာတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အတူ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ကြိုဆိုနေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲဥက္ကဋ္ဌ၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့်တာဝန်ရှိသူများ၊ လုပ်ငန်းအဖွဲ့ခွဲရှိအဖွဲ့ငယ်များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်းနှင့်တာဝန်ရှိသူများ၊ဆရာ၊ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းနောက် လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လေ့လာရေးအဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လေ့လာရေးအဖွဲ့ဝင်များ စိတ်ချမ်းမြေ့စွာ တည်းခို နေထိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူများ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တွင် လေ့လာရေးခရီးရောက်ရှိနေသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)လေးနှစ်သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား၊သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။(သတင်းစဉ်)

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်

❀ **အမျိုးသားညီလာခံမှ**

လှတောကျေးရွာမှ ဦးကျော်မြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဝက်လက်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်သင်းသင်းနွယ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအဖွဲ့ဝင် ဒေါ်တင်တင်အေးတို့က ဆောင်ရွက်ကြသည်။

နိုင်ငံတော်အလံအားအလေးပြု

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး တက်ရောက်လာကြသူများက စင်မြင့်ထက်၌ လွှင့်တင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီး မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလေးများက ရာသက်ပန် ပြည်ထောင်စု သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် သဘာပတိ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် တိုင်းပြည်၏ ပြည်တွင်း၊ ပြည်ပ ရန်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တွန်းလှန်ကာကွယ် နေထိုင်ခဲ့ကြသည့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် သုခဒုက္ခများကို မျှဝေခံစားရင်း တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် လက်တွဲဆောင်ရွက်ခဲ့ကြကြောင်း။

အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးမှာ အဓိကအကျဆုံး လိုအပ်ချက်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်၊ နိုင်ငံတော်အစိုးရက မမိုက်မသုန်ယုံကြည်တယ်"**ဟု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)တွင် မြွက်ကြားခဲ့ကြောင်း၊ ထို့ကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အခြေခံကောင်းများဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်၍ ဒေသအလိုက်၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံး ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ ယင်းရလဒ်ကောင်းများကို ဆက်လက်

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစံပြကျေးရွာ၌ကျင်းပရာ သဘာပတိ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကို အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထိန်းသိမ်းသွားနိုင်ရန် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို အမျိုးသားရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိကြသော တိုင်းရင်းသားပြည်သူများအားလုံး စောင့်ထိန်းကာကွယ်ကြရမှာဖြစ်ကြောင်း။

ရည်မှန်းချက်ပန်းတိုင်

တိုင်းရင်းသားပြည်သူများအားလုံး၏ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် ၁၉၉၆ ခုနှစ်မှ စတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပရန်ဖြစ်သည့်အတွက် အမျိုးသား ညီလာခံကြီး၏ အပိုင်းတစ်ပိုင်းကို ၂၀၀၄ ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ၉ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ရေးအတွက် ပထမအဆင့်လည်းဖြစ်၊ အရေးကြီးဆုံးအဆင့်လည်း ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်၏ အနာဂတ်မျှော်လင့်ချက်ဖြစ်သကဲ့သို့ ပြည်သူတို့လိုလားတောင့်တနေသည့် မူဝါဒလမ်းစဉ်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူး၍ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၀ရက်နေ့မှ အောက်တိုဘာလ ၁၉ရက်နေ့အထိ တိုင်းနှင့် ပြည်နယ်များရှိ နေရာ ၁၇နေရာတို့၌ အသီးသီး ကျင်းပခဲ့ကြောင်း၊ အလားတူ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၁ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ

ရွှေစည်းခုံစေတီ ခြေတော်ရင်းရှိ အားကစားကွင်း၌ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူလူထုကိုယ်စားလှယ်များ တက်ရောက်သော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး လူထုအစည်းအဝေးပွဲကြီး ကျင်းပနိုင်ခဲ့ကြောင်း၊ ဤအစည်းအဝေးကြီးများက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားအပေါင်းက ဆက်လက်ထိန်းသိမ်းကာကွယ်ရေးဟူသော အဆိုနှစ်ရပ်ကို တညီတညွတ်တည်း သဘောတူထောက်ခံခဲ့ကြကြောင်း။

နိဂုံးချုပ်အနေဖြင့် (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှုဖြင့် တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရန်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်သွားကြရန်၊ အမျိုးသားညီလာခံ အောင်မြင်ရေး ကြိုဆိုထောက်ခံသွားကြရန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ကြိုဆိုဂုဏ်ပြု

ယင်းနောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုကြောင်း ထောက်ခံချက်နှင့် စပ်လျဉ်း၍ ဝက်လက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်မြဝင်းက တင်ပြရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် သွေးချင်းသားချင်း ညီနောင်များဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသော တိုင်းရင်းသားလူမျိုးတစ်ရာကျော်တို့ဖြင့် ဤအမိနိုင်ငံတော်ကြီး ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် သုခ၊ ဒုက္ခဟူသမျှတို့ကို မျှဝေခံစားရင်း တစည်းတလုံးတည်း စုစည်းနေထိုင်ခဲ့ကြသည်မှာ သမိုင်းခေတ်ဦးမှသည် ယနေ့ထက် တိုင်အောင်ပင်ဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွင်း မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုဖွံ့ဖြိုးစည်ပင်တိုးတက်နေစေရေးအတွက် မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် အစဉ် ကြိုးစည်အားထုတ်ကြိုးပမ်းနေကြသည်မှာ တိုင်းရင်းသား

အားလုံးအတွက် သမိုင်းပေးတာဝန်ကြီးပင် ဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် မိမိတို့ တိုင်းရင်းသားများအတွင်း နှစ်ပေါင်း ကြာရှည်စွာဖြစ်ထွန်းတည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင် မြန်မာတို့၏ ဇာတိသွေးဇာတိမာန်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ကို ရိုက်ချိုးဖျက်ဆီးကာ မြန်မာတိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားပြီး တစ်ဦးကိုတစ်ဦး သံသယစိတ်များဖြစ်ပေါ်စေရန် လူမျိုးရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း၊ အုပ်ချုပ်ရေးအရလည်းကောင်း နည်းမျိုးစုံဖြင့် အုပ်ချုပ်ခဲ့ကြကြောင်း။

သို့ရာတွင် မြန်မာတိုင်းရင်းသားများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစံပြကျေးရွာ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဒေါ်သင်းသင်းနွယ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် စည်းရုံးရေးအဖွဲ့ဝင် ဒေါ်တင်တင်အေးတို့က ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

အမျိုးသားရေး စိတ်ဓာတ်တို့ကို ပြန်လည်တည်ဆောက်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိစေရန် ဘက်စုံထောင့်စုံ နည်းလမ်းစုံဖြင့် ကြိုးပမ်းခဲ့ရာ လွတ်လပ်ရေးရရှိခဲ့ကြကြောင်း။

တိုင်းတစ်ပါး၏ နှစ်ပေါင်းတစ်ရာကျော် အစီအစဉ်ရှိရှိ သွေးခွဲသပ်လျှိုအုပ်ချုပ်မှု၏ ဒဏ်ရာဒဏ်ချက်များကြောင့် လွတ်လပ်ရေးရရှိပြီးနောက် တိုင်းရင်းသားညီအစ်ကို သွေးချင်းများအတွင်း သံသယစိတ်ဝင်ကာ စိတ်ဝမ်းကွဲပြားခဲ့ကြသဖြင့် နှစ်ပေါင်း ၄၀ ကျော်ကြာ တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင် ပဋိပက္ခများဖြစ်ခဲ့ရပြီး အစိုးရအဆင့်ဆင့်တို့အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိသည့်အတွက် နိုင်ငံတော်သည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း။

အမျိုးသားရေးမူဝါဒ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသည် သမိုင်း၏ သင်ခန်းစာများကို ရယူ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကိုချမှတ်ကာ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝရ

ရှင်သန်ထွန်းကား ပြန့်ပွားရေးတို့ကို အဓိကဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန်သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်ကို ပြည်သူများအသိပင် ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နံတစ်လျား၌ ငြိမ်းချမ်းရေး၏ အရသာကို ပြည်သူများ ပြည့်ပြည့်ဝဝခံစားနေကြရပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားအားလုံး၏ စုပေါင်းအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများအထိ ဖွံ့ဖြိုးမှုအသီးအပွင့်များ ခံစားနေရပြီဖြစ်ကြောင်း။

ထို့အပြင် ယခင်က တောနှင့်မြို့တို့၏ စီးပွားရေးဘဝနှင့် လူမှုရေးဘဝတို့ ကွာဟချက် လျော့နည်းပပျောက်ပြီး ကျေးလက်ဒေသများတွင် လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးစည်ပင်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ပြင်မက တစ်နိုင်ငံလုံး အကြားအလပ်မရှိ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍပေါင်းစုံ တိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ ပြည်နယ်နှင့် တိုင်းများအားလုံးတွင် မျှမျှတတ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိလာချိန်တွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်း ထုတ်ဖော်ကြေညာပြီး အကောင်အထည်ဖော် လျက်ရှိကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၄ခုနှစ် နှစ်ပတ်

နယ်စပ်ဒေသများအထိ ဖွံ့ဖြိုးမှုအသီးအပွင့်များခံစားနေရ

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နံတစ်လျား၌ ငြိမ်းချမ်းရေး၏ အရသာကို ပြည်သူများ ပြည့်ပြည့်ဝဝခံစားနေကြရပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တိုင်းရင်းသားအားလုံး၏ စုပေါင်းအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများအထိ ဖွံ့ဖြိုးမှုအသီးအပွင့်များ ခံစားနေရပြီ။

အမျိုးသားအင်အားစု အစုံညီဆုံး ညီလာခံကြီး

အမျိုးသား ညီလာခံကြီးသည် နိုင်ငံတော်၏ မူဝါဒ လမ်းစဉ်(၇)ရပ်တွင် ပထမဆုံး အခြေခံအဆင့် ပထမဆုံး ခြေလှမ်း ဖြစ်သကဲ့သို့ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရေးကို အဆုံးအဖြတ်ပေးမည့် ညီလာခံကြီးလည်း ဖြစ်ကြောင်း၊ ဤညီလာခံကြီးသည် မြန်မာ့သမိုင်းတွင် အမျိုးသားအင်အားစု အသီးသီး အစုံအညီဆုံး အမျိုးသား ညီလာခံကြီးလည်းဖြစ်။

ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အဓိကထား ဆောင်ရွက်ခဲ့

ပြည်ထောင်စုနေ့ ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစပ်ပြကျေးရွာ၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

လည် သင်းလုံးကျွတ်အစည်းအဝေး၏ ရှေ့လုပ်ငန်းစဉ်(၈)ရပ်တွင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် ပြည်သူတို့နှင့်အတူ ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး ဆိုသည့် အချက်များကို အသင်းဝင်များက အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ ပါဝင်သွားရမည်ဖြစ်ကြောင်း။

အမျိုးသားရေးဦးတည်ချက်

ယခုကဲ့သို့ အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို ပိုမိုရှင်သန်ခိုင်မာသည်ထက် ခိုင်မာစေအောင် ပြည်ထောင်စုနေ့ အခမ်းအနားကြီးကို နိုင်ငံရေးအနှစ်သာရ အပြည့်အဝဖြင့် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မွန်မြတ်မြင့်မားသော အမျိုးသားရေး ဦးတည်ချက်ဖြစ်သည့်–

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
- ပြည်ထောင်စုကြီးထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးကတက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံးဝိုင်းဝန်းကြိုးပမ်းရေး

ဆိုသည့် ဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်၍ ယခုတက်ရောက်လာသော ပြည်သူလူထု တစ်ရပ်လုံးက မိမိတို့နှင့်အတူ ဝမ်းပန်းတသာ ကြိုဆို ဂုဏ်ပြုအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဝက်လက်မြို့မှ မြို့မိမြို့ဖတစ်ဦးဖြစ်သူဦးသန်းထွန်းက တင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး၁၀၀ကျော်တို့သည် အေးအတူပူအမျှတစည်းတလုံးတည်း နေထိုင်ခဲ့ကြကြောင်း၊ မြန်မာ့သမိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ကာ လွတ်လပ်ရေးရပြီးနောက် ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများဖြင့် တစ်ဦးနှင့်တစ်ဦး အထင်လွဲမှားကာ တိုင်းပြည် မတည်မငြိမ်ဖြစ်ခဲ့ရကြောင်း၊ ဤအချိန်များတွင် နိုင်ငံတော် ဖွံ့ဖြိုးမှု နောက်ကျခဲ့ရကြောင်း။

ယနေ့တပ်မတော်အစိုးရလက်ထက်တွင် “ဒို့တာဝန် အရေးသုံးပါး” ကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အဓိကထား ဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ပြီး နယ်စပ်ဒေသများပါမကျန် ပြောင်းလဲတိုးတက်စေခဲ့သည့် တပ်မတော်အစိုးရသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပီပြင်စွာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးလမ်းစဉ်ဖြစ်သည့် ၁၉၉၆ခုနှစ်က ယာယီ အားဖြင့် ရပ်ဆိုင်းထားခဲ့သော အမျိုးသားညီလာခံကြီးကို ၂၀၀၄ခုနှစ် မေလ၁၇ ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့ကြောင်း၊ ယင်းအမျိုးသားညီလာခံကြီးသည်နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပထမဦးဆုံး အခြေခံအဆင့်ပထမဆုံးခြေလှမ်းဖြစ်သကဲ့သို့ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးကို အဆုံးအဖြတ်ပေးမည့် ညီလာခံကြီးလည်းဖြစ်ကြောင်း၊ ဤညီလာခံကြီးသည် မြန်မာ့သမိုင်းတွင် အမျိုးသား အင်အားစုအသီးသီး အစုံအညီဆုံး အမျိုးသားညီလာခံကြီးလည်း ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်များအဖြစ် အစုအဖွဲ့ရှစ်ဖွဲ့၌ ကိုယ်စားလှယ်ဦးရေ ၁၀၈၈ဦးတို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်ကို အထင်အရှားတွေ့ မြင်နိုင်ကြောင်း၊ ထို့ကြောင့် အမျိုးသားရေးကံကြမ္မာကို အမျိုးသားရေးအင်အားစုများ စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်ကြသည့် အမျိုးသားညီလာခံကြီးအဖြစ် သတ်မှတ်နိုင်ကြောင်း။

ကမ္ဘာပေါ်တွင် အချုပ်အခြာအာဏာပိုင်သော နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် ဗြိတိန်နှင့် နယူးဇီလန်နှစ်နိုင်ငံသာလျှင် ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ ကျန်နိုင်ငံပေါင်း ၁၉၁ နိုင်ငံမှာမူ မိမိတို့၏ အခြေအနေနှင့် ဆီလျော်သော ဖွဲ့စည်းပုံ အခြေခံဥပဒေ အသီးသီး ရှိကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်လည်း အသီးသီးသော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်မှုအရ ပျက်ပြားသွားခဲ့သည်ကို သမိုင်းတွင် အထင်အရှား တွေ့နိုင်ကြောင်း။

ပြန်လည်ကျင်းပ

ယခုအခါ မြန်မာနိုင်ငံ၌ ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ရည်မှန်းချက်နှင့်အညီ ၁၉၉၆ ခုနှစ်က ယာယီအားဖြင့် ခေတ္တဆိုင်းငံ့ထားသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပနေပြီဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ထွန်းကားလာစေရေး အတွက် အခြေခံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မှုများကို အမျိုးသားညီလာခံကြီးက ချမှတ်ပေးကြရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်မှ ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းမည်ဖြစ်ကြောင်း။

သဘောတူချမှတ်ခဲ့

၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်း ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် မူ ၁၀၄ချက်နှင့် အသေးစိတ်အခြေခံရမည့်မူများကို အဆိုပါ ညီလာခံသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်တော်ကြီးများကသဘောတူချမှတ်ခဲ့ကြပြီးဖြစ်ကြောင်း။

“ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေ မရှိပါက နိုင်ငံတော်ဟူ၍ ပီပြင်စွာ မရှိနိုင်၊ နိုင်ငံတော်ဟူ၍ ပီပြင်စွာ မရှိပါက စနစ်တကျ တိုးတက်သော လူ့အဖွဲ့အစည်းဟူ၍ မရှိနိုင်” ဟူသော နိုင်ငံရေး သိပ္ပံပညာရှင်များ၏ အဆိုအမိန့်အရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်သစ် ပေါ်ပေါက်ရေးတွင် အဓိကကျနေကြောင်း တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးတွင် အမျိုးသားညီလာခံကြီးသည် အဓိကကျနေကြောင်း၊ အမျိုးသားညီလာခံကြီးသည်–

(၁) ပြည်ထောင်စုမပြိုကွဲရေး
(၂) တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး
(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး
(၄) စစ်မှန်သော ပါလီမန်ဒီမိုကရေစီစနစ်ထွန်းကားရေး
(၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး
(၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး

ဟူသော ဦးတည်ချက်(၆)ရပ်နှင့် ကျင်းပလျက်ရှိကြောင်း။

ဤဦးတည်ချက်(၆)ရပ်စလုံးသည် မြန်မာ့သမိုင်းကြောင်း၊ မြန်မာ့ရေမြေသဘာဝ၊ မြန်မာလူမျိုးတို့၏ ဆန္ဒသဘောထား စရိုက်လက္ခဏာတို့အရ မုချလိုအပ်သော မူများဖြစ်ကြောင်း။

ထို့အတူ အခြေခံဥပဒေတွင် ပါဝင်ရမည့် အခန်းအလိုက်ခေါင်းစဉ် ၁၅ခုကိုလည်း အမျိုးသားညီလာခံကြီးက သတ်မှတ်နိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးတွင် နိုင်ငံသားအားလုံး၏ကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ်များက တက်ရောက် ဆွေးနွေးရေးဆွဲလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ ပါဝင်သော ကိုယ်စားလှယ်များက နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုကာ ညှိနှိုင်းတိုင်ပင်ရေးဆွဲနေသော အမျိုးသားညီလာခံကြီးလည်း ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် ရည်သန်၍ ကျင်းပနေသည့် အမျိုးသားညီလာခံကြီးအား ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဝက်လက်မြို့မှ မြို့မိ၊ မြို့ဖ ဦးသန်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျေးလက်ဖွံ့ဖြိုးရေး

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒီပဲယင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဗိုလ်မြင့်က တင်ပြရာတွင် မိမိအနေဖြင့်ရွှေဘိုခရိုင်အတွင်း ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ခြုံငုံ တင်ပြသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ကျေးလက်နှင့်မြို့ပြ ကွာဟချက်နည်းပါးစေရေးအတွက် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမူ(၅) ချက်ကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် မိမိတို့ ရွှေဘိုခရိုင်အတွင်းရှိ အသင်းအဆင့်ဆင့်မှလည်း ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီးကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုအောက်ဖော်ပြပါအတိုင်း အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ခဲ့ကြောင်း–

(၁) ကျေးလက်မီးလင်းရေး
(၂) အခြေခံပညာ ကျောင်းများ ဆောက်လုပ်ရေးနှင့် ကျောင်းဥပမိရုပ်ကောင်းမွန်ရန် ပြုပြင်ရေး
(၃) ကျေးလက်တယ်လီဖုန်းများ တပ်ဆင်ရေး
(၄) ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ရေး
(၅) ကျေးလက် သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျေးလက်မီးလင်းရေးအနေဖြင့် ကျေးလက်ဒေသများလျှပ်စစ်မီးရရှိရေးအတွက် တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် ဇီဝဓာတ်ငွေ့မှ လျှပ်စစ်ထုတ်လုပ်ရေးတို့ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၏လမ်းညွှန်ပံ့ပိုးမှုများနှင့် ဝက်လက်မြို့နယ်တွင် ဖွင့်လိုင်း ကျေးရွာရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀ ကိုလည်းကောင်း၊ မြင်တော်ကျေးရွာ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်းမှ လျှပ်စစ်ဓာတ်အား၂၅ကီလိုဝပ်ကိုလည်းကောင်း၊ တန့်ဆည်မြို့နယ် ကွဲဆွဲရေအားလျှပ်စစ်မှ ၁၅ကီလိုဝပ်ကို လည်းကောင်း၊ တန့်ဆည်မြို့နယ် တနယ်ကျေးရွာ ရေအားလျှပ်စစ် ၁၅ ကီလိုဝပ်ကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာရေအားလျှပ်စစ်မှ ကီလိုဝပ် ၅၀ ကိုလည်းကောင်း၊ ရေဦးမြို့နယ် ချမ်းသာကျေးရွာ ရေအားလျှပ်စစ်မှ ၂၅ကီလိုဝပ်ကိုလည်းကောင်း ရွှေဘိုခရိုင်ပြည်ခိုင်ဖြိုးအသင်း၏ဦးဆောင်မှုဖြင့် တည်ဆောက် ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက် ပြီး ကန့်ဘလူမြို့နယ်တွင် ထန်းကုန်း ကျေးရွာ၌လည်းကောင်း၊ ရွှေဘို မြို့နယ်တွင် ကော့ရွာ၌ ဇီဝဓာတ်ငွေ့ဖြင့်လည်းကောင်း၊ကုန်းသာကျေးရွာနှင့် ရေတော်မှုကျေးရွာများ၌လည်းကောင်း၊ ခင်ဦးမြို့နယ်တွင် တဲစုကျေးရွာ၌ လည်းကောင်း၊ ဒီပဲယင်းမြို့နယ်တွင် ညောင်လှကျေးရွာ၌လည်းကောင်း တည်ဆောက်ရန်လျာထားပြီးဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ ကျောင်းဥပမိရုပ်ကောင်းမွန်ခြင်း ပြုပြင်ရေးလုပ်ငန်းများတွင် ကန့်ဘလူမြို့နယ် လွဲဆိပ်ကျေးရွာ၌ တိုင်းတာဝန်ခံဝန်ကြီး၏ထောက်ပံ့မှု၊ဒေသခံပြည်သူများပါဝင်မှုကြောင့် ၁၂ခန်း၊ သုံးခန်း သွပ်မိုးအုတ်ကာကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်နိုင်ခဲ့ကြောင်း။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြောင်း ထောက်ခံချက်နှင့်နှင့် စပ်လျဉ်း၍ ဝက်လက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်မြဝင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ရန်ကုန်တိုင်း ပေါင်းလောင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ –တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၂၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
- ၅:၃၀ ၈။ **“အမွန်မြတ်ဆုံးလက်ဆောင်” [နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ တင်တင်လှ] (ဒါရိုက်တာ–မောင်မောင်မြင့်)**
- ၅:၅၀ ၉။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၂၅ ၁၂။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သောညီမ”(အပိုင်း–၁)**
- ၇:၁၅ ၁၆။ ထူးကဲမြင့်မြတ် ပူဇော်အပ်သည့် သာသနာ့အာဇာနည်(အပိုင်း–၃)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း “မမေ့နိုင်တာချစ်လို့” (အပိုင်း–၁) (လူမင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–ဟိန်းစိုး)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

မိမိတို့နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုး ၁၀၀ကျော်၏ ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလိုအပ်ချက်မှာ "ပြည်ထောင်စု" စိတ်ဓာတ်ပင်ဖြစ်

✧ စာမျက်နှာ ၉ မှ

ရွှေဘိုမြို့နယ် အသင်းအနေဖြင့် ထနောင်းကိုင်းကျေးရွာ၌ သုံးခန်း၊ လေးခန်း သွပ်မိုးကျောင်းဆောင်သစ် တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ဝက်လက်မြို့နယ် အသင်းအနေဖြင့် တိုင်းတာဝန်ခံဝန်ကြီး ပံ့ပိုးမှုဖြင့် သားနားကျေးရွာ၌ သွပ်မိုးအုတ်ကာ ကျောင်းဆောင်သစ် တစ်ဆောင်ကိုလည်း ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ရေဦးမြို့နယ် အသင်းအနေဖြင့်

စစ်ကိုင်းတိုင်းအတွင်းရှိကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဗိုလ်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အုန်းနပေါင်းကျေးရွာ၌ ဝန်ကြီးပံ့ပိုးမှုနှင့် ကျေးရွာ ပြည်သူလူထု ပူးပေါင်းပါဝင်ကာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် တစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ဒီပဲယင်းမြို့နယ် အသင်းအနေဖြင့် အိုးထိန်းတွင်းကျေးရွာ၌ တိုင်းတာဝန်ခံဝန်ကြီး ပံ့ပိုးမှုနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ပြီး အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် တစ်ဆောင်ကို ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

တန့်ဆည်မြို့နယ် အသင်းအနေဖြင့်လည်း အုတ်ဖိုအိုင်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် သွပ်ချပ် ၂၄၀ ချပ် လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

ရွှေဘိုခရိုင် အသင်းအနေဖြင့်လည်း မြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျောင်းများကို ဘိလပ်မြေများ လှူဒါန်းခြင်း၊ သွပ်များလှူဒါန်းခြင်း၊ သစ်မာခွဲသား သယ်ယူရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်နေပြည်သူများ ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် ရွှေဘိုခရိုင်အသင်းမှ အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ ဆက်သွယ်တင်ပြပြီး ကျေးလက်တယ်လီဖုန်းများကို တပ်ဆင်ပေးနိုင်ခဲ့ကြောင်း။

အော်တိုတယ်လီဖုန်း

ရွှေဘိုမြို့နယ်တွင် ချီပါ၊ ပလိုင်း၊ ဆိပ်ခွန်၊ ခွန်တောင်းကြီး၊ အောင်ချမ်းသာကျေးရွာများ၌လည်းကောင်း၊ ရေဦးမြို့နယ်တွင် တင်းတိမ်ရံကျေးရွာ၌လည်းကောင်း၊ ကန့်ဘလူမြို့နယ်တွင် ချပ်သင်း၊ ပင့်သာ၊ ကိုးတောင်ကို၊ ထန်းကုန်း၊ ဇီးကုန်း၊ ကာတိုး၊ စံပါယ်နံ့သာ၊ မြေဒူး၊ ပိတောက်ပင် ကျေးရွာများ၌လည်းကောင်း၊ တန့်ဆည်မြို့နယ်တွင် ကံထူးမကျေးရွာ၌ လည်းကောင်း အော်တိုအိပ်ချိန်းဖုန်းများ တပ်ဆင်ပေးနိုင်ခဲ့ပြီး ဒီပဲယင်းမြို့နယ်နှင့် ခင်ဦးမြို့နယ်အသင်းရုံးတို့တွင် အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်နေပြည်သူလူထုများ သွားလာလွယ်ကူစေရန်အတွက် ကျေးရွာချင်းဆက် လမ်းများဖြင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများကို ရွှေဘိုခရိုင်အသင်းမှ မြို့နယ်အသင်းအဆင့်ဆင့်သို့ ဆောင်ရွက်ရန် စည်းရုံးဟောပြောခဲ့၊ လမ်းညွှန်မှုပေးခဲ့ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် ဝက်လက်မြို့နယ်အသင်းအနေဖြင့် ဖက်သန်းကြီးကျေးရွာ မြို့တက်လမ်းဖောက်လုပ်ခြင်း၊ ဘင်တဲကုန်ကျေးရွာ မြို့တက်လမ်းဖောက်လုပ်ခြင်း၊ သခွတ္တောကျေးရွာ မြို့တက်လမ်းဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေဦးမြို့နယ်တွင် ထန်းတောကျေးရွာ မြို့တက်လမ်းဖောက်လုပ်ခြင်း၊ ရွာပေါင်းကျေးရွာနှင့်ရွာ သစ်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ဒီပဲယင်းမြို့နယ် အသင်းအနေဖြင့် တောကြောင်းကျေးရွာဝင် တံတားပြုလုပ်ရန် ဘိလပ်မြေများ လှူဒါန်းခြင်း၊ တန့်ဆည်မြို့နယ် ငတန်းကျေးရွာနှင့် တန့်ဆည်မြို့တို့ ဆက်သွယ်သောလမ်းမှာ မိုးတွင်းကာလ ရေကျော်ပျက်စီးသဖြင့် မြေဖို့ဆောင်ရွက်ခြင်း၊ ကန့်ဘလူမြို့နယ် အသင်းအနေဖြင့် ကိုးထောင်ဘို့အုပ်စုမှ ဒေါင်းယူးချောင်းတံတားအထိ မြေဖို့ခြင်း၊ ဘူးကြီး-ကာဘိုးလမ်း မြေဖို့ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရွှေဘိုခရိုင် အသင်းအနေဖြင့် ရွှေဘိုခရိုင်အတွင်း ရှစ်မြို့နယ်မှ ကျေးရွာပေါင်း ၃၂ရွာသို့ လျှပ်စစ်ဓာတ်အား ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ရှေ့လုပ်ငန်းစဉ်များ

ဆက်လက်ပြီး မိမိတို့ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ရှေ့ဆက်အကောင်အထည်ဖော် လုပ်ကိုင်သွားမည့် လုပ်ငန်းစဉ်များကို တင်ပြရမည်ဆိုလျှင် လေ့ကျင့်မှုအပိုင်းအနေဖြင့် မြို့နယ်အသီးသီး၌ နယ်မြေများအရောက် ကွင်းဆင်း၍ ရက်တိုသင်တန်းများ ဖွင့်လှစ်ကာ နိုင်ငံတော်၏ မူဝါဒသဘောတရားများကို ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ရွှေဘိုခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် အညာတမာလွှမ်းရေး သုံးနှစ်စီမံကိန်းမှ တမာပင်လေးသိန်းငါးသောင်း စိုက်ပျိုးရေးစီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိကြောင်း။

ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှု အဆင့်အတန်း ကွာခြားမှု နည်းပါးစေရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အဆင့်မြင့် အော်တိုတယ်လီဖုန်းများ တပ်ဆင်ခြင်းကို ကျေးရွာများအထိ တပ်ဆင်ပေးနိုင်ရေး၊ ကျေးလက်မီးလင်းရေးအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကျေးရွာများကို ကွင်းဆင်းပြီး တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ် ထုတ်လုပ်ခြင်း၊ ဇီဝဓာတ်ငွေ့သုံး (Bio Gas) ဖြင့် မီးလင်းရေးလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးမြှင့်တင်ရေး လုပ်ငန်းများအတွက် စီစဉ်ပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးကို ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။

ထောက်ခံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား ထောက်ခံခြင်းတို့နှင့် စပ်လျဉ်း၍ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ် အမှုဆောင် ဦးမြတ်မျိုးညွန့်က ထောက်ခံဆွေးနွေးရာတွင် ဤပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကြီးတွင် ဝက်လက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ခင်မြဝင်းက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ ဝက်လက်မြို့ မြို့မိမြို့ဖ ဦးသန်းထွန်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း၊ ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဗိုလ်မြင့်က ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား ထောက်ခံတင်ပြခြင်းများ ပြုခဲ့ကြကြောင်း။

ဤတင်ပြချက်များက မိမိတို့နိုင်ငံနှင့် ပြည်သူလူထုကြီးအတွက် အမှန်တကယ် ဂုဏ်ပြုကြိုဆို ထောက်ခံသင့်သည့် တင်ပြချက်များဖြစ်သည့်အတွက် လိုက်လိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်၏ ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဖြစ်မနေ လိုအပ်ချက်မှာ "ပြည်ထောင်စုစိတ်ဓာတ်"ပင် ဖြစ်ကြောင်း၊ ဤ"ပြည်ထောင်စုစိတ်ဓာတ်" အရင်းတည်လာသော ပင်လုံမြေ၌ ပြုလုပ်ခဲ့သည့် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့မှုကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ပြီး နှစ်စဉ်ဂုဏ်ပြုပွဲများ ပြုလုပ်လာခဲ့သည်မှာ ယခုနှစ်တွင် (၅၈)နှစ် ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းအားဖြင့် အမျိုးသား စည်းလုံးညီညွတ်ရေးကို တိုင်းရင်းသားပြည်သူများ အစဉ်အမြဲ အောက်မေ့နှလုံးသွင်းနိုင်ကြမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့မှ အခြေတည်မွေးဖွားလာခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးမှသည် ပြည်ထောင်စု မပြိုကွဲရေးကိုလည်း ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း။

အမျိုးသားနိုင်ငံရေးလမ်းစဉ်ကြီး

မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်းတစ်လျှောက် စစ်မှန်သော ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များကို ရေရှည်မခံစားခဲ့ကြရကြောင်း၊ မိမိတို့နိုင်ငံ၏ သယံဇာတ ပေါကြွယ်ဝမှုနှင့် တိုင်းရင်းသားပြည်သူများ ညီအစ်ကိုရင်းသဖွယ် အတူတကွ ပေါင်းသင်းနေထိုင်လာမှုနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်မြဲဖွံ့ဖြိုးတိုးတက်ရန်တို့ကို ထာဝရ ထိန်းသိမ်းနိုင်ရန်အတွက် တစ်ခုတည်းသော အမျိုးသားနိုင်ငံရေးလမ်းစဉ်ကြီး(၇)ရပ်လည်း ပေါ်ထွက်ခဲ့ပြီဖြစ်ကြောင်း၊ ဤလမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ပြည်သူလူထုတစ်ရပ်လုံး အေးချမ်းတည်ငြိမ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများကို ခံစားလာကြရမှာ ဖြစ်ကြောင်း၊ အမျိုးသားရေးလမ်းစဉ် (၇)ရပ်တွင် ပထမဦးဆုံးနှင့် အခြေခံအကျဆုံးဖြစ်သော အမျိုးသားညီလာခံကြီးကိုလည်း အဆင့်ဆင့် ကျင်းပနေပြီဖြစ်ကြောင်း၊ ဤအခမ်းအနားကြီးတွင် လူတန်းစားအလွှာစုံ၊တိုင်းရင်းသားပေါင်းစုံတို့ပါဝင်ဆွေးနွေးကြသည့်အတွက် အနာဂတ်နိုင်ငံတော်ကြီးအတွက် အလွန်အင်မတန် တန်ဖိုးရှိသော အခြေခံမူများနှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းလာတော့မှာ ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး၏ ငြိမ်းချမ်းသာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းများကို ဖော်ဆောင်ပေးနေသည့်အတွက် မကြာမီ ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုဂုဏ်ပြုထောက်ခံကြရမှာလည်း ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ကျေးရွာတစ်ရွာ၌ (Bio Gas) အသုံးပြုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် အိမ်ထောင်စု ၁၀၀၀ အတွက် လျှပ်စစ်ဓာတ်အားကီလိုဝပ် ၂၀၀ခန့် ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရကြောင်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် ရေသောက်မြောင်း အရှည်ပေပေါင်း ၁၂၀၀၀ ကျော် တူးဖော်ပေးနိုင်ခဲ့သည့်အတွက် လယ်မြေဧက ၁၀၀၀၀ကျော်ကို ရေသောက်စေနိုင်ခဲ့ပြီး သောက်သုံးရေအတွက် ဘုံပိုင်တွင်း ၃၀ ကျော်နှင့် ရေကန်ငါးကန်ကို တူးဖော် ပြုပြင်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း။

ကျေးလက်လမ်းများ

ကျေးလက်လမ်း ၂၀ကို ပြုပြင်ပေးနိုင်ခဲ့ပြီး ကျေးရွာချင်းဆက်လမ်းနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးနိုင်ခဲ့ပြီး တံတားငါးစင်းကိုလည်း ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရကြောင်း၊ အခြေခံပညာကျောင်း ငါးကျောင်းကို

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား ထောက်ခံခြင်းတို့နှင့် စပ်လျဉ်း၍ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြတ်မျိုးညွန့်က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

အသစ်ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ဥပဓိရုပ်မကောင်းသော ကျောင်းများကိုလည်း ပြုပြင်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကျေးရွာပေါင်း ၁၅ရွာ၌လည်း ကျေးလက်တယ်လီဖုန်းများ တပ်ဆင်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကဏ္ဍအသီးသီးအလိုက် ဆက်လက်ဆောင်ရွက်ရန် လျာထားခြင်းတို့ကိုလည်း တွေ့ရှိရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအခမ်းအနားကြီးတွင် တင်ပြခဲ့သော ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအပေါ် မိမိတို့ မမှိတ်မသုန်ယုံကြည်ထောက်ခံကြောင်းဖြင့် တင်ပြသွားသည်။

အလှူငွေပေးအပ်

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ် လှူဒါန်းကြရာ အရှေ့ရွှေကျင်ကျေးရွာမူလတန်းလွန်ကျောင်း ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း၆၀ကို အလှူရှင် အရှေ့ရွှေကျင်ကျေးရွာမှ ဦးဝင်းဦးက ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်သို့လည်းကောင်း၊ ဝက်လက်မြို့နယ်အတွင်းရှိ မင်းကျီ-ကျောက်တိုင် ကျေးရွာချင်းဆက်လမ်းရှိ တံတားခြောက်စင်းတည်ဆောက်ရန် အလှူငွေကျပ်သိန်း ၅၀ကို ကျောက်တိုင်ကျေးရွာမှ အလှူရှင် ဦးဗိုလ်တင့်-ဒေါ်အေးအေးသိန်းတို့ကိုယ်စား ဦးထွန်းရေက ဝက်လက်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးအေးသို့လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝက်လက်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၁၁အုပ်စုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ အစောင် ၁၀၈၀၀ ကို လှတောစ်ပြကျေးရွာမှ ဦးသန်းထွန်းအောင်က ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနေလင်းသန်းထံသို့ ပေးအပ်သည်။

တစ်ခဲနက်ဆန္ဒပြု

ထို့နောက် သဘာပတိက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း၊ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ထောက်ခံခြင်းအဆိုများနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ သဘောတူညီကြောင်း တစ်ခဲနက်ဆန္ဒပြုချက်အရ အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူလေးများက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မူပိုင်သီချင်းဖြစ်သည့် "ပြည်မြန်မာ" သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ကြွေးကြော်သံများဖြင့် နံနက် ၈နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ ပြပွဲတွင် MMG Technologies Co., Ltd. ပြခန်းတွင် ကြည့်ရှုလေ့လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) ၃၀-၁-၂၀၀၅ရက်နေ့

၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၀၅)ရက်နေ့နှင့်

(၂၇-၂-၂၀၀၅)ရက်နေ့

✡ **နိုင်ငံတော်မှ**

အပေါ်ထည်ပိုင်း(Super Structure)တွင် ပေ ၆၀ လေးခန်းတို့ကို RC Girder တင်ပြီးဖြစ်သည်။ ပေ ၁၀၀ ခြောက်ခန်းအတွက် PC Girder ၈၄ လုံး သွန်းလောင်းရန်ရှိရာ ၆၅ လုံး သွန်းလောင်းပြီးဖြစ်သည်။ သွန်းလောင်း ပြီး RC Girder များအား လွှန်ထိုးတင်ခြင်းကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင်အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

တံတားတစ်စင်းလုံး၏ တည်ဆောက်ပြီးစီးမှုမှာ ၇၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်ကမ်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး စစ်ကိုင်းတံတားထိပ်သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နယ်မြေခံ တပ်မမှူး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း စစ်ကိုင်းဘက်ကမ်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်ကမ်းမှ လက်ထောက် အင်ဂျင်နီယာ (မြို့ပြ) ဦးမြင့်ကြည်က ပစ္စည်းလိုအပ်ချက်နှင့် ရရှိမှုအခြေအနေ၊ စက်ယာဉ် ယန္တရားများ အခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေ၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းလျာထားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်ကမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့နှင့် လုပ်ငန်းပြီးစီးမှုအခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားအပိုင်း တည်ဆောက်ရေးလုပ်ငန်း၌ ယခုအခါ တံတားတိုင် A_2 နှင့် G_1 မှ G_{11} အထိ တိုင် ၁၁ တိုင်ကို Cross Beam အားလုံးဆောင်ရွက်ပြီး ဖြစ်သည်။ ၆၅ ပေ RC Girder အလုံး ၉၀ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ပြီးစီးပြီး A_2 နှင့် G_7 အကြား ကွန်ကရစ်ရက်မ အလုံး ၅၀၊ G_4 နှင့် RP_8 ကြား ကွန်ကရစ်ရက်မ အလုံး ၄၀ တို့ကို နေရာချထားပြီး ဖြစ်သည်။ G_4 နှင့် RP_8 အကြား သံကူကွန်ကရစ် ကြမ်းခင်း လေးခန်းမှ လေးခန်းစလုံးနှင့် G_7 နှင့် G_9 ကြား သံကူကွန်ကရစ် ကြမ်းခင်း နှစ်ခန်း စုစုပေါင်း ခြောက်ခန်း ကွန်ကရစ်လောင်းပြီးဖြစ်သည်။ G_9 နှင့် G_{10} ကြား ကြမ်းခင်းသံဆင်ဆဲဖြစ်သည်။

စစ်ကိုင်းဘက်ကမ်း ပင်မတံတား တည်ဆောက်ရေး လုပ်ငန်းအပိုင်း၌ RP_8 နှင့် RP_7 တိုင်များကို Cross Beam များဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ RP_6 ၌ Bored Pile အလုံး ၂၀ ဆောင်ရွက်ပြီးဖြစ်ရာ ယခုအခါ Cap ခုံဆောင်ရွက်ဆဲဖြစ်သည်။ RP_5 ၌ Bored Pile ၂၅လုံး ဆောင်ရွက်ပြီးစီးပြီး ဆက်လက်၍ နှစ်လုံးဆောင်ရွက်ဆဲဖြစ်သည်။ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းအပိုင်း၌ RP_8 နှင့် RP_7 အကြား ရှစ်မီတာ ၁၄ ခန်းတွင် ၁၄ ခန်းစလုံး တပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်းနှင့် RP_7 နှင့် RP_8 အကြား ရှစ်မီတာ ၁၄ ခန်းမှ လေးခန်းတပ်ဆင်ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် တံတားတည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်း မန္တလေးဘက်ကမ်းသို့ ရောက်ရှိကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တံတားတည်ဆောက်ရေး(မန္တလေး) ဘက်ကမ်းမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေနှင့် ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ကမ်း ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားတည်ဆောက်ရေး လုပ်ငန်းများပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။

ဧရာဝတီတံတား (ရတနာပုံ) မန္တလေးဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ရေးအပိုင်း၌ တံတားတိုင် M_1 မှ M_{16} အထိ Bored Pile အလုံး ၁၆၀ ဆောင်ရွက်ပြီး ဖြစ်သည်။ M_1 မှ M_{16} ရှိ Cross Beam များ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ၆၅ ပေ Girder ၁၂၈ လုံး ကွန်ကရစ်လောင်းပြီးဖြစ်သည်။ RP_1 မှ M_6 အထိ ကွန်ကရစ်ရက်မ အလုံး ၆၀ နှင့် M_7 မှ M_{13} အထိ ရက်မ အလုံး ၆၀ နေရာချထားပြီးဖြစ်ပြီး RP_1 နှင့် M_2 ကြား၌ သံကူကွန်ကရစ် ကြမ်းခင်းနှစ်ခန်း ကွန်ကရစ်လောင်းပြီးဖြစ်သည်။

ပင်မတံတား တည်ဆောက်ရေးအပိုင်း၌ RP_1 နှင့် RP_2 တို့တွင် Cross Beam ဆောင်ရွက်ပြီးစီးနေပြီး RP_3 ၌ Bored Pile ၂၄ လုံးနှင့် RP_4 ၌ Bored Pile ၁၄ လုံး ဆောင်ရွက်ပြီးဖြစ်သည်။

မန္တလေးဘက်ကမ်း သံပေါင်တပ်ဆင်ခြင်းအပိုင်း၌ RP_1 နှင့် RP_2 ကြားတွင် ရှစ်မီတာ ၁၄ ခန်း၊ RP_2 နှင့် RP_3 အကြား၌ ရှစ်မီတာငါးခန်း တပ်ဆင်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

မေးမြန်းလျှောက်ထား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော သက်တော် (၉၅)နှစ် သိက္ခာတော် (၇၄)ဝါရှိ မန္တလေးမြို့ ဘုရားကြီးတိုက် နယားကျောင်း ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တမေဓိယာဘိဝံသအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၆ ရက်က အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့ ညှော်ခံပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့အား အိန္ဒိယသံအမတ်ကြီး Mr. Rajiv Kumar Bhatia **က ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

မဟာမဇ္ဈိမာရုံစာသင်တိုက် ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၂၆

သန်လျင်မြို့ မဟာမဇ္ဈိမာရုံပရိယတ္တိစာသင်တိုက်အတွင်း ရွှေဥရတနာလေးထပ် ရွှေကျောင်းတော်ကြီးတွင် ရန်ကုန်မြို့ လသာမြို့နယ် မဟာဗန္ဓုလလမ်း ရွှေဥရတနာရွှေဆိုင် ဒေါ်ရွှေဥ(ခ)ဒေါ်နုနုဝေမိသားတစ်စုတို့၏ တတိယအကြိမ် ဓမ္မပူဇာသဘင်ကို ဇန်နဝါရီ ၂၉ ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သီလက္ခန္ဓာဘိဝံသ၊ ဇန်နဝါရီ ၃၀ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ အရှင်ဆေကိန္ဒ၊ ဖေဖော်ဝါရီ ၃ ရက်တွင် ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက၊ ဖေဖော်ဝါရီ ၄ရက်တွင် ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ ဆရာတော်တို့က ညစဉ် ၇ နာရီမှစတင်၍ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

(က-ပ)

ဇန်နဝါရီ ၂၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့ ဩစတြေးလျနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာရာ ဩစတြေးလျသံရုံး သံရုံးယာယီတာဝန်ခံ Mr. Douglas Robert Trappett **နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။	မျိုးချစ်တပ်မတော်
၅:၀၅	၉။	**အဝေးသင်တက္ကသိုလ် ပညာရေး ပို့ချမှု အစီအစဉ်** -မိလိန္ဒပြဿနာများ (တတိယနှစ်၊ အရှေ့တိုင်းအထူးပြု)
၅:၃၅	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။	**"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း-၁၇)**
၆:၅၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အင်တာနက်ချစ်သက်လျာ" (အပိုင်း-၆)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	မြန်မာ့ရှုခင်း
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (အပိုင်း-၃၈)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ကျေးလက်ရေရရှိရေးနှင့် စံပြအိမ်ရာတည်ဆောက်ရေး လုပ်ငန်းများ အချိန်အဟုန်မြှင့်တင် ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ် (၂၄၅)ရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (ယာပုံ)

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီးက မူလစည်ပင်သာယာရေးလုပ်ငန်း တာဝန်များအပြင် အထူးတာဝန်ပေးထားသော စီမံကိန်းများဖြစ်သည့် ခရိုင်ချင်းဆက်လမ်းဖောက်လုပ်ရေး၊အပူပိုင်းဒေသ ကျေးလက်ရေရရှိရေး၊ ကျေးလက် စံပြအိမ်ရာတည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို အဓိကထား ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းရန် ဖြစ်ကြောင်း မှာကြားသည်။

တင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ခရိုင်ချင်းဆက်လမ်းလုပ်ငန်းဆောင်ရွက်ရန် လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြကြသည်။

ဆောင်ရွက်ပြီးစီး

ထို့နောက် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက အပူပိုင်းဒေသ တိုင်းသုံးတိုင်း ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း ညွှန်ကြားရေးမှူးများက ကျေးလက်အိမ်ရာစီမံကိန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြပြီး အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က စီမံကိန်းများ ဆောင်ရွက်မှုအခြေအနေအပေါ် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အပူပိုင်းဒေသ တိုင်းသုံးတိုင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်းတွင် ကျေးရွာပေါင်း ၈၀၄၂ ရွာ၌ ဆောင်ရွက်ပေးရန် လျာထားခဲ့ရာ စစ်ကိုင်းတိုင်း၌ ကျေးရွာ ၁၈၈၂ ရွာတွင် လုပ်ငန်းပေါင်း ၂၅၃၃ ခု၊ မကွေးတိုင်း၌ ကျေးရွာ ၁၁၆၆ ရွာတွင် လုပ်ငန်းပေါင်း ၁၅၉၅ ခု၊ မန္တလေးတိုင်း၌ ကျေးရွာ ၃၅၂၈ ရွာတွင် လုပ်ငန်းပေါင်း ၅၁၂၄ခု၊ စုစုပေါင်း ကျေးရွာ ၆၅၇၆ ရွာ၌ လုပ်ငန်းပေါင်း ၉၂၅၂ခု ဆောင်ရွက်နိုင်ခဲ့သဖြင့် စီမံကိန်း၏ ၈၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးတွင် ကျေးရွာ ၁၃၁၂၃ ရွာ၌ ရေရရှိရေးလုပ်ငန်းပေါင်း ၁၈၉၅၀ ခု ဆောင်ရွက်နိုင်ခဲ့သည်။

(သတင်းစဉ်)

ဟော်ကီ အားကစားပစ္စည်းများ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ဇန်နဝါရီ ၂၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူ ဟော်ကီကွင်း၌ ကျင်းပသော ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား ပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဟော်ကီဘောလုံးကို ရိုက်ကာ ပြိုင်ပွဲဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲနေ့ ပြိုင်ပွဲတွင် တပ်မတော်မှတ်တမ်းရုံး(က)အသင်းနှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်မှတ်တမ်းရုံးအသင်း(က) အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပေးအပ်

ဆက်လက်၍ ဟော်ကီ အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က တပ်မတော်(ရေ) ဟော်ကီအသင်းသို့ ဟော်ကီအားကစားအထောက်အကူပြု ပစ္စည်းများကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်အားလည်းကောင်း၊ တပ်မတော်(လေ)အသင်းသို့ ဟော်ကီအထောက်အကူပြု ပစ္စည်းများကို တပ်မတော်(လေ)ဟော်ကီဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ငြိမ်းအားလည်းကောင်း ပေးအပ်သည်။

လက်ခံ

ထို့နောက် MMM ဆောက်လုပ်ရေးမှ ဦးကျော်မင်းက ဒိုင်လူကြီးဝတ်စုံ ၂၀၊ ဟော်ကီအားကစားတုတ် ၁၂ ချောင်းကိုလည်းကောင်း၊ ACCL ကုမ္ပဏီမှ Mr. Nara Yan က ဟော်ကီအားကစားတုတ် ၁၀ ချောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က လက်ခံသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား ပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲတွင် MMM ဆောက်လုပ်ရေးမှ ဦးကျော်မင်းက ဒိုင်လူကြီးဝတ်စုံ ၂၀၊ ဟော်ကီအားကစားတုတ် ၁၂ ချောင်းကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်သို့ ပေးအပ်လှူဒါန်းစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၆

မတ္တရာမြို့နယ် ဟသ်ာကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၇ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အလားတူ မတ္တရာမြို့နယ် ရွှေဘိုကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၇ရက် နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာရှိ တဲ့ဖက် အလယ်တန်းကျောင်း၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ ကျင်းပရာ ကျေးရွာအုပ်စု အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား သည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒေါ်ဆွေဆွေတင့်က စာပေမှုရရှိသည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်ရီရီမြင့်က ကျေးလက်ဒေသဖွံ့ဖြိုး ရေးဆိုင်ရာများကို လည်းကောင်း ဟောပြောကြပြီး ကျေးရွာစာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မတ္တရာမြို့နယ် ဆိပ်သာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (သတင်းစဉ်)

ဒိုးကုတ်ဝိပဿနာ(၁၀)ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်(၇)လမ်းထိပ်ရှိ မကွေးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၈၄) ဓမ္မရိပ်သာကြီးတွင် (၆၉)ကြိမ်မြောက်(၁၀)ရက်တရားစခန်းကို ဖေဖော်ဝါရီ ၄ရက်မှ ၁၃ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ အရှင်ပညာဝံသကိုယ်တိုင်ဦးစီး၍ ဟောကြားမည်ဖြစ်သည်။ တရားဝင်မည့်ယောဂီများ ဖေဖော်ဝါရီ ၃ရက် ညနေအရောက်ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

ရှားပါးစာအုပ်၊ စာနယ်ဇင်းများ အမျိုးသား စာကြည့်တိုက်သို့ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၆

ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် မော်သိန်းနှင့် ဇနီး ဒေါ်ခင်သီတာဦး မိသားစုက ကွယ်လွန်သူ ဦးခင်မောင်ထွန်း (စာရေးဆရာမောင်ဗိုလ်မွေး) စုဆောင်းခဲ့သော ကိုယ်တိုင်ရေးအပါအဝင် ရှားပါးစာအုပ်၊ စာနယ်ဇင်းနှင့် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ အမျိုးသားစာကြည့်တိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ညွှန်ကြားရေးမှူးများ၊ အမျိုးသားစာကြည့်တိုက်မှ ဝန်ထမ်းများနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးချုပ်မော်သိန်းက စာရေးဆရာ မောင်ဗိုလ်မွေး၏ တစ်သက်တာစုဆောင်းခဲ့သော စာအုပ်၊ စာနယ်ဇင်းများနှင့် လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်း၍ ရှားပါးစာအုပ်၊ စာနယ်ဇင်းများနှင့် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က လက်ခံယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူ စာရေးဆရာ မောင်သိမ်ခ် မိသားစုက အမျိုးသားစာကြည့်တိုက်သို့ အလှူငွေကျပ် တစ်သောင်း လှူဒါန်းသည်။

(သတင်းစဉ်)

ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မကြာမီကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၃၀ရက် ညနေ ၅ နာရီခွဲတွင် ရွှေအင်းလျား စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ လက်ရှိ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန်နှင့် ဖိတ်စာများကို ကိုဇော်မင်းဦး ဖုန်း ၀၉–၅၀၀–၀၂၆၃၊ ကိုမင်းဦး ဖုန်း–၀၉–၅၀၀–၇၁၆၆၊ ကိုဖြိုးဝေစိုး ဖုန်း–၆၅၂၂၃၃၊ ကိုထက်ကျော်သိန်း ဖုန်း–၂၅၃၃၅၀နှင့် ကိုမျိုးမင်းအောင်ကျော် ဖုန်း ၀၉–၅၀၀–၉၅၅၂တို့သို့ ဆက်သွယ်ရယူနိုင်သည်။ (က–ပ)

ဗိုလ်ချုပ်ဈေး ပန်းချီပြပွဲ

ရန်ကုန် ဇန်နဝါရီ ၂၆

The Rays Groupမှ ပန်းချီဆရာမများဖြစ်ကြသော မဝေမာ၊ မစန္ဒီ၊ မအေးငြိမ်းမြင့်၊ မနန်း၊ မကြူကြူနှင့် မတင်တင်အေးတို့ ပူးပေါင်း၍ ကျင်းပသော ပန်းချီပြပွဲကို ဗိုလ်ချုပ်ဈေး ပန်းချီပြပွဲခန်းမ၌ ဇန်နဝါရီ ၂၅ ရက်မှစ၍ ပြသလျက်ရှိရာ ဧည့်သည်များ ကြည့်ရှုလေ့လာကြသည်။ **(ဝဲပုံ)**

အဆိုပါပြပွဲ ကို ဇန်နဝါရီ ၂၅ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပြသသွားမည်ဖြစ်ပြီး ပန်းချီကားပေါင်း ၇၅ ကား ပြသထားကြောင်းသိရသည်။ (ကြေးမုံ)

တိုက်နယ်ဆေးရုံဆောက်လုပ်ရေး အလှူငွေပေးအပ်

ကောလင်း ဇန်နဝါရီ ၂၀

ကောလင်းမြို့နယ် ကုက္ကိုကုန်းအုပ်စု ကိုယ့်အားကိုယ်ကိုးတိုက်နယ်ဆေးရုံဆောက်လုပ်ရေး ပထမအကြိမ် အလှူငွေစုပေါင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၇ ရက်က အဆိုပါကျေးရွာတွင် ကျင်းပရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြင့်အောင်က လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလှူရှင် ဦးဘသောင်း– ဒေါ်ရင်က ငွေကျပ် နှစ်သိန်း၊ ဦးအောင်ထွန်း–ဒေါ်စိန်ရင်က ငွေကျပ်တစ်သိန်း၊ မန္တလေးမြို့ ဦးဝင်းကြူမိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးမြမောင်–ဒေါ်ခါသီ (ဂျိုင်းမိသားစု)က ငွေကျပ်တစ်သိန်း၊ ကုက္ကိုကုန်း ရဲစခန်းမှ ဒုရဲအုပ်ဟုန်းထမ်း–ဒေါ်မြင့်မြင့်ထွေးတို့က ငွေကျပ် ၂၅၀၀၀၊ မန္တလေးမြို့ ဦးဗိုလ်တင့် မိသားစုက ငွေကျပ် ၅၀၀၀၀၊ မြန်မာ့လျှပ်စစ်လုပ်ငန်းမှ ဦးမြင့်သိန်းထွန်း–ဒေါ်ကြူကြူက ငွေကျပ် ၂၅၀၀၀၊ ကသာမြို့ဆရာကြီး ဦးခင်အောင်က ငွေကျပ် ၅၀၀၀၊ ပေပင်ချောင်ရွာ ဒေါ်နွားမေက ငွေကျပ် ၅၀၀၀၊ မန္တလေးမြို့ ဦးကျော်စိုးက ငွေကျပ် ၃၅၀၀၀ ကို ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြင့်အောင်သို့ ပေးအပ်လှူဒါန်းသည်။ **(၂၁၄)**

စစ်တောင်းအမှတ် (၁) စက္ကူစက်ရုံ ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ ကျင်းပ

စစ်တောင်း ဇန်နဝါရီ ၂၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ စစ်တောင်း အမှတ်(၁)စက္ကူစက်ရုံ၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက်တွင် စစ်တောင်းအမှတ်(၁) စက္ကူစက်၌ ကျင်းပရာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

ဆုပေးပွဲအခမ်းအနားတွင် တာဝန်ကျေထူးချွန်ဆုရ ၄၈ ဦး၊ ၂၀၀၄ ခုနှစ်အတွင်း ခွင့်မယူသူ ဆုရဝန်ထမ်း ၃၅ ဦး၊ ဝန်ထမ်းလုပ်သက် ၃၅ နှစ်ပြည့်သူ ဆုရဝန်ထမ်း ၂၂ ဦး၊ လူမှုထူးချွန်တံဆိပ်ရသူသုံးဦး၊ စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းဝါး၊ ထုံးကျောက်များကို အများဆုံးပေးသွင်းသည့် ဆုရသူ ကုန်သည် ၁၀ ဦးတို့အား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ အထွေထွေမန်နေဂျာ (ကုန်ထုတ်) ဦးသိန်းစိုး၊ စက်ရုံမှူး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြသည်။ **(ဝဲပုံ)**

(က–ပ)

အထကကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်

ဓနိကုန်း ဇန်နဝါရီ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ဓနိကုန်းမြို့နယ် မယင်းကျေးရွာအုပ်စု မယင်းလက်ပံခုံရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မယင်းလက်ပံခုံရွာ အထက(ခွဲ) ကျောင်းအား ပဲခူးတိုင်း (အနောက်ပိုင်း) ပညာရေးမှူး ဦးသန်းလှိုင်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မယင်းလက်ပံခုံရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဆိုင်းဘုတ်ကို ထူးချွန်ကျောင်းသူ၊ ကျောင်းသားများက ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ်သတင်းများ

ရှင်းလင်းတင်ပြ

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့် ဘူးသီးတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်တံတားလုပ်ငန်းဖြစ်သည့် ငကျည်တောက်တံတား အမှတ်(၂) အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးဝေတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုခရိုင် အမှုဆောင်အရာရှိ ဦးကျော်သူ ဇန်နဝါရီ၁၀ ရက်က မင်္ဂလာလမ်း(၂) ကျောက်ချောခင်းခြင်းအား ကြီးကြပ်ဆောင်ရွက်စဉ်။ (ပြည်နယ်စည်ပင်)

ဘဝတန်ဖိုး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ခင်ဦး ဇန်နဝါရီ ၂၄

ခင်ဦးမြို့နယ် ငှက်ပျောရွာ အမက၌ ဘဝတန်ဖိုး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးကျော်တင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင်များက သုတ/ရသစာအုပ်မျိုးစုံ ၂၀၀ လှူဒါန်းသည်။ အလားတူ စည်ပုတ္တရာ၊ ပေကုန်း၊ အိုင်ပေါက်ကြီး၊ ငါးတင်ကြီး၊ သင်ပေါင်း၊ ရှားလွင်ကျေးရွာများတွင်လည်း ဖွင့်လှစ်ခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

ဇန်နဝါရီ၁၉ ရက်က နတ်တလင်းမြို့တွင်း ကတ္တရာလမ်းများအား နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နတ်မောက်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ၁၇ ရက်က အမှုဆောင်အရာရှိ ဦးကံချွန်နှင့် ဝန်ထမ်းများ မြေခင်းအလှ ပြုပြင်မှု လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့ အမက(၉)အတွက် အနေးယာဉ်လုပ်သားများက ကျပ်နှစ်သိန်းသုံးသောင်းတန် သောက်ရေကန်၊ ပြည့်လျှံဆန်စက်ပိုင် (ဦးခင်မြင့်)–ဒေါ်အေးမြိုင် မိသားစုက ကျပ်တစ်သိန်းငါးသောင်းတန် ပရိဘောဂများ၊ ဓမ္မရက္ခိတဆန်စက်ပိုင်(ဦးထွန်းရှင်)–ဒေါ်ညွန့်ရင်မိသားစုက ကျပ်ခုနစ်သိန်းနှစ်သောင်းတန် ပရိဘောဂများနှင့် ကျောင်းဝင်လမ်းခင်းရန် ကျပ်တစ်သိန်းကို ဇန်နဝါရီ ၂၃ ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန် လက်ခံယူစဉ်။ (က–ပ)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်မှုဖြင့် တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ကျရာကဏ္ဍမှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစံပြကျေးရွာ ဘောလုံးကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင်များ၊ စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်များမှ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝက်လက်မြို့နယ်အတွင်းရှိ လှတော၊ အနောက်ရွှေကျင်၊ ကျီးကန်၊ ရေထွက်၊ မောက်ကြီး၊ မဲကုန်း၊ သမ်သာ၊ ပင်းဇင်း၊ ရွာသာကြီး၊ ရွှေပန်းကုံးနှင့် သားနားကျေးရွာများမှ ပြည်သူများ စုစုပေါင်းအင်အား ၄၁၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက်၆နာရီခွဲတွင် စုရပ်အသီးသီးမှ စစ်ကြောင်းနှစ်ကြောင်းဖြင့် စုရုံးချီတက်ကြပြီး အခမ်းအနားကျင်းပမည့် လှတောစံပြကျေးရွာ ဘောလုံးကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ရွှေဘိုခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကိုက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဝက်လက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်း၊ ဝက်လက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်း၊ ဝက်လက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်မြင့်ဆွေနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လှတောစံပြကျေးရွာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ်တံတားနှင့် ဇောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၆

မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ရန်ကုန်–မန္တလေးကားလမ်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်အကြားရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ မွန်းလွဲ ၁၂နာရီခွဲတွင် ရောက်ရှိကြရာ တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

မှာကြား

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့အား တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက မတ်လအတွင်း ကွန်ကရစ်ကြမ်းခင်းများ အပြီးသွန်းလောင်းနိုင်ရန် ဆောင်ရွက်နေမှု၊ လအလိုက် ပစ္စည်းလိုအပ်ချက်၊ လုပ်ငန်းအလိုက် ပစ္စည်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပေ ၁၀၀ အရှည် ကွန်ကရစ် ရက်မများကို ရေလယ်တိုင်အမှတ် P.6 နှင့် P.5 ကြား၌ တပ်ဆင်နေမှုကိုလည်းကောင်း၊ တံတားပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြစ်ငယ်တံတားသည် ပင်မတံတားတိုင်များအပါအဝင် အောက်ခြေ (Sub Structure)အားလုံး ပြီးစီးပြီဖြစ်သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✡

ညအပူချိန်များ

၂၆–၁–၂၀၀၅

လားရှိုးမြို့
၃ဒီဂရီ စင်တီဂရိတ်

နမ့်ဆန်မြို့နှင့် ဟဲဟိုးမြို့
၄ဒီဂရီ စင်တီဂရိတ်

မိုးကုတ်မြို့နှင့် ပင်လောင်းမြို့
၅ဒီဂရီ စင်တီဂရိတ်